မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်းကထူထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ဝါဆိုလဆန်း ၁ ရက်၊ ၂၀၀၉ ခုနှစ်၊ ဇွန် ၂၂ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၈)၊ အမှတ် (၂၆၀)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးပိုမိုတိုးမြှင့်သွားရန်နှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင်နိုင်ရေးရည်ရွယ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး

တရုတ်နိုင်ငံအနေဖြင့် နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံ၏ တရားမျှတသော အကျိုးစီးပွားကို ထိန်းသိမ်းကာကွယ်သွားမည်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်



ကျုံးနန်းဟိုင်ဧည့်ခန်းမ၌ တွေ့ဆုံ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်အား ပေကျင်းမြို့ရှိ ဝန်ကြီးချုပ်ရုံး ကျုံးနန်းဟိုင်ဧည့်ခန်းမ၌ တွေ့ဆုံစဉ်။
(သတင်းစဉ်)

နေပြည်တော် ဇွန် ၂၁

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်အား ဇွန် ၁၆ရက် ညနေ ၄နာရီ ၁၅မိနစ်တွင် ပေကျင်းမြို့ရှိ ဝန်ကြီးချုပ်ရုံး ကျုံးနန်းဟိုင်ဧည့်ခန်းမ (Zhong'nan'hai) ၌ တွေ့ဆုံသည်။

တက်ရောက်

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့် ဗိုလ်ချုပ်မင်းအောင်လှိုင်၊ ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဝန်ကြီး ဦးစိုးသာ၊ ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာဝမ်ကွမ်းယ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပို၊ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာဟူကျန်းယွဲ့နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဇွန် ၂၂ ရက်)

တရုတ်-မြန်မာဆက်ဆံရေး တည်တံ့ခိုင်မြဲ နှစ်နိုင်ငံဆက်ဆံရေးအောင်မြင်မှုအသစ်များ တိုးမြှင့်ဖော်ဆောင်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ရှီကျင်းဖျင်နှင့်ဇနီးတို့၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန်အတွက် ဇွန်လ ၁၅ရက်နေ့က ပေကျင်းမြို့သို့ ရောက်ရှိခဲ့သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ရှီကျင်းဖျင်တို့သည် ဇွန်လ ၁၆ရက်နေ့က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီး၏ အရှေ့ဘက်ခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

တရုတ်-မြန်မာနှစ်နိုင်ငံသည် ချစ်ကြည်ရင်းနှီးသည့် အိမ်နီးချင်းနိုင်ငံများဖြစ်ကြပြီး နှစ်နိုင်ငံပြည်သူများအကြား ကူးလူးဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ဖြစ်ထွန်းလျက်ရှိသည်။

မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်သည့်ခရီးစဉ်သည် နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သည့် ချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးမြှင့်နိုင်ပြီး စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်သွားနိုင်မည်ဖြစ်သည်။

တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ချက်ကိုလိုက်နာပြီး နှစ်နိုင်ငံခေါင်းဆောင်များ၏ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ကဏ္ဍစုံ၌တိုးတက်လျက်ရှိသည်။ နိုင်ငံရေး၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ ယဉ်ကျေးမှု၊ တပ်မတော်ပိုင်းနှင့် အခြားကဏ္ဍများတွင်ပါ တိုးတက်ဖြစ်ထွန်းလျက်ရှိသည်။

မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို မြန်မာပြည်သူများနှင့် အစိုးရတို့ကသာ ဖြေရှင်းနိုင်မည်ဟု ယုံကြည်ကြောင်း၊ ပြည်ပနိုင်ငံများမှ မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မှု၊ အရေးယူပိတ်ဆို့မှုများ မပြုလုပ်သင့်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံအား ဆက်လက်ထောက်ခံသွားမည်ဖြစ်ကြောင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ရှီကျင်းဖျင်က ခရီးစဉ်အတွင်း ဆွေးနွေးပြောကြားခဲ့သည်။

သို့ဖြစ်၍ တရုတ်-မြန်မာနှစ်နိုင်ငံဆက်ဆံရေးသည် ရှေးပဝေသဏီကပင် ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်လာခဲ့ကြပြီး သံတမန်ဆက်ဆံမှု အစောဆုံး နိုင်ငံများဖြစ်ပေရာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့၏ တရုတ်နိုင်ငံချစ်ကြည်ရေး ခရီးစဉ်သည် နှစ်နိုင်ငံအကြား အောင်မြင်တိုးတက် ဖြစ်ထွန်းမှုအသစ်များ ပေါ်ထွန်းလာနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၂၂-၆-၂၀၀၉ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄:၁၅ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၂၅ ၆။ မျိုးချစ်တပ်မတော်
၄:၄၀ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၄:၅၀ ၈။ ဗွီစီဒီကျော်ကြားတေးများ
၅:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၃။ လျှပ်တစ်ပြက်
၆:၄၀ ၁၄။ သွက်လက်လှုပ်ရှား ကစားစို့လား
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်ခုန်သံနေ့ရက်များဆီသို့** (အပိုင်း-၁၅)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ Talk of the Town
၂၀။ မေးမြန်းစူးစမ်း
၂၁။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နတ်ဆေးရှင်သိုင်းမောင်နှံ** (အပိုင်း-၁၈)

ပြည်သူ့ကျန်းမာရေးတက္ကသိုလ် စီမံခန့်ခွဲရေးနှင့် သင်ကြားရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေး

ကျန်းမာရေး ဒုတိယဝန်ကြီး ဒေါက်တာမြဦး တက်ရောက်

ရန်ကုန် ဇွန် ၂၁

ကျန်းမာရေးဝန်ကြီးဌာန၏ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်စီမံခန့်ခွဲရေးနှင့် သင်ကြားရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဇွန်၁၉ရက်က ရန်ကုန်မြို့ ပြည်သူ့ကျန်းမာရေးတက္ကသိုလ် အစည်းအဝေးခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး တက်ရောက်၍ အမှာစကားပြောကြားသည်။

အလေးထား

ထို့နောက် ပြည်သူ့ကျန်းမာရေး တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာတင်မင်းနှင့် ဌာနမှူးများက မိမိတို့ဌာနအလိုက် သင်ကြားရေးစီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များ၊ တက္ကသိုလ်ဆရာ၊ ဆရာမများ၏အရည်အသွေး တိုးတက်မြင့်မားရေး၊ သင်ထောက်ကူပစ္စည်းများနှင့် ရှေ့လုပ်ငန်းစဉ်များကို တင်ပြဆွေးနွေးကြရာ ဒုတိယဝန်ကြီးက ဆေးပညာသင်ကြားရေးတွင်ဆေးကုသရေးလုပ်ငန်းများသာမက ပြည်သူ့ကျန်းမာရေး စောင့်ရှောက်ရေးလုပ်ငန်းများကိုပါ အလေးထား သင်ကြားပို့ချရန်လိုအပ်ကြောင်း၊ နိုင်ငံတော်က မျှော်မှန်းသည့် ပြည်သူ့အကျိုးပြု ဆရာဝန်များဖြစ်လာရန် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

ညှိနှိုင်းဆောင်ရွက်

ကူးစက်ရောဂါ တိုက်ဖျက်ရေး ဗဟိုကော်မတီအတွင်းရေးမှူး ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး (ဓာတ်ခွဲ)ဒေါက်တာနေဝင်း၊ ညွှန်ကြားရေးမှူး(ကူးစက်) ဒေါက်တာစိုးလွင်ငြိမ်း၊ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်တို့လိုက်ပါလျက် ယနေ့နံနက်စနာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့သွားရောက်၍ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများဖြစ်သော ခရီးသည်များအား ကျန်းမာရေးစစ်ဆေးဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး (**အပေါ်ပုံ**) လေဆိပ်ဝန်ထမ်းများအားတွေ့ဆုံ၍ ကမ္ဘာ့လူတုပ်ကွေးရောဂါ မိမိတို့အား ကူးစက်မှုမှ ကာကွယ်ရန်နှင့် မိမိတို့မှတစ်ဆင့် မိသားစုနှင့်နိုင်ငံအတွင်း ဝင်ရောက်ကူးစက်ဖြစ်ပွားမှု မရှိစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များအတိုင်းအစဉ်အမြဲ သတိပြုလိုက်နာဆောင်ရွက်ကြရန်မှာကြားပြီး တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၆-၂၀၀၉ (တနင်္လာနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ရတနသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **ဥပ္ပါတသန္တိကျမ်း** တရားတော် (ဆရာတော် ဘဒ္ဒန္တကုမာရ)
၆:၄၅ ထင်ရှားဖူးမြော် မွေတော်ကဏ္ဍုစေတီတော်
၇:၀၀ MRTV-4 သတင်း
၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ရှင်သန်လာသောနှလုံးသား** (အပိုင်း-၃၉)
၈:၃၀ Global Panorama
၉:၃၀ Sports World (Athelatics)
၁၀:၀၀ ဂီတသမားတို့ရဲ့ ရင်ခုန်သံများ (2009 Music Extravaganza)
၁၀:၁၅ စားကောင်းလျှင် အရီးတောင်း
၁၀:၃၀ International Show Biz
၁၀:၅၅ Make in Delicious Way (အိန္ဒိယနိုင်ငံမြောက်ပိုင်းမှစွဲမက်ဖွယ်ရာ အစားအသောက်များ အကြောင်း)
၁၁:၁၅ လုပချစ်စရာ လက်မှုအနုပညာ (ပန်းခြောက်ပို့စကတ်ပြုလုပ်နည်း)
၁၁:၃၅ စာအုပ်ပြခန်း (စာရေးဆရာ ဦးထွန်းထွန်းဦး ကမ္ဘောဇရိပ်သာနှင့် တွေ့ဆုံခြင်း)
၁၂:၀၀ ဆီထွက်သီးနှံများထဲမှ ဆီအုန်း
၁၂:၁၅ ရိုးရာဆေးပညာမှ လူထုကျန်းမာရေး စောင့်ရှောက်မှုသို့
၁၂:၂၅ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (စိတ်အပန်းဖြေစရာ အလှမွေးငါးကမ္ဘာ)
၁၂:၄၀ ဈေးဝယ်သွားမည် Diamond City
၁၂:၅၀ ဘူးခါးပေါ်မှုစိတ်ကူးလက်ရာ
၁:၀၀ **ဥပ္ပါတသန္တိကျမ်း**တရားတော် (ဆရာတော် ဘဒ္ဒန္တကုမာရ)
၁:၄၅ ထင်ရှားဖူးမြော် မွေတော်ကဏ္ဍုစေတီတော်
၂:၀၀ MRTV-4 သတင်း
၂:၄၅ ခါးနာရောဂါအကြောင်း သိကောင်းစရာ(အပိုင်း-၁) (ပါမောက္ခ ဒေါက်တာနေဝင်း)
၃:၁၅ လှတစ်မျက်နှာ ယဉ်တစ်ကိုယ်လုံး
၃:၂၀ **ဘယ်သူ့အတွက်လဲ** ဝေဠုကျော်၊ ဆုပန်ထွာနှင့်သရုပ်ဆောင်များ (ဒါရိုက်တာ-ဇမ္ဗူထွန်းသက်လွင်)
၃:၅၅ ရိုးရာဆေးပညာမှ လူထုကျန်းမာရေး စောင့်ရှောက်မှုသို့
၄:၀၅ သူ့ဘဝသူ့လက်ရာ (Artist Win Myint Moe)
၄:၁၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **ရင်ဘတ်ကြီးနဲ့ချစ်လိုက်မယ်** ရုပ်ရှင်ဇာတ်ကားကြီးကန်တော့ပွဲ
၄:၄၅ ဂီတသမားတို့ရဲ့ ရင်ခုန်သံများ (2009 Music Extravaganza)
၅:၀၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၅:၃၀ အနုပညာမိုးကောင်းကင်
၆:၀၀ MRTV-4 သတင်း
၆:၁၅ International Show Biz
၆:၄၀ World of Knowledge (Mega Factories; John Deere)
၇:၃၀ စားကောင်းလျှင် အရီးတောင်း
၇:၄၀ Make in Delicious Way (အိန္ဒိယနိုင်ငံမြောက်ပိုင်းမှစွဲမက်ဖွယ်ရာ အစားအသောက်များ အကြောင်း)
၈:၀၀ MRTV-4 သတင်း
၈:၃၀ စာအုပ်ပြခန်း (စာရေးဆရာ ဦးထွန်းထွန်းဦး ကမ္ဘောဇရိပ်သာနှင့် တွေ့ဆုံခြင်း)
၉:၀၀ အနုပညာမိုးကောင်းကင်
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ရှင်သန်လာသောနှလုံးသား** (အပိုင်း-၃၉)
၁၀:၀၀ **ဘယ်သူ့အတွက်လဲ** ဝေဠုကျော်၊ ဆုပန်ထွာနှင့်သရုပ်ဆောင်များ (ဒါရိုက်တာ-ဇမ္ဗူထွန်းသက်လွင်)
၁၀:၃၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
1. Toulon Youth Football Festival
2. Aikido လေ့ကျင့်မှုဆိုင်ရာ အခြေခံနည်းစနစ်များ

၁၂:၁၅ ဈေးဝယ်သွားမည် Diamond City
၁၂:၂၅ လှတစ်မျက်နှာ ယဉ်တစ်ကိုယ်လုံး
၁၂:၃၅ သူ့ဘဝသူ့လက်ရာ (Artist Win Myint Moe)
၁၂:၄၅ လုပချစ်စရာ လက်မှုအနုပညာ (ပန်းခြောက်ပို့စကတ်ပြုလုပ်နည်း)
၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဗဟိုစည်အိမ်ရာ Fortune International ကုမ္ပဏီမှ လေးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် အလှူငွေကျပ် သုံးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

✳ ရှေ့ဖုံးမှ

ရှေးဦးစွာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်က ပြောကြားရာတွင် အဆွေတော်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား လှိုက်လှဲစွာ ကြိုဆိုပါကြောင်း။

အလေးပေးဆောင်ရွက်ခဲ့

အဆွေတော်အနေဖြင့် တရုတ်နိုင်ငံသို့ အကြိမ်များစွာ လာရောက်ခဲ့ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတို့၏ ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေး တိုးတက်ဖြစ်ထွန်းစေရန် အလေးပေးဆောင်ရွက်ခဲ့သူအဖြစ်လည်း သိရှိထားပါကြောင်း။

အဆွေတော်၏ ခရီးစဉ်မှာ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးများ ပိုမိုခိုင်မာလာစေရေးအတွက် ဆောင်ကြဉ်းပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပဏာမပြောကြားသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက မိမိတို့ မြန်မာကိုယ်စားလှယ်အဖွဲ့ ပေကျင်းမြို့ကို စတင်ရောက်ရှိချိန်မှစ၍ နွေးထွေးပျူငှာစွာဖြင့် ကြိုဆိုမှုများ၊ ဧည့်ဝတ်ကျေမှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း။

ပထမဦးဆုံး

မိမိအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရောက်ရှိပြီးနောက် တရုတ်ခေါင်းဆောင်များအနက် ပထမဦးဆုံး အဆွေတော်အား ယခုကဲ့သို့ တွေ့ဆုံခွင့်ရရှိသည့်အတွက် ဝမ်းမြောက်ပါကြောင်း။

မြန်မာ-တရုတ် နှစ်နိုင်ငံဆက်ဆံရေးမှာ ဆွေမျိုးပေါက်ဖော်ညီအစ်ကို ဆက်ဆံရေးဖြစ်ပြီး ရှေးနှစ်ပေါင်းများစွာကပင် နှစ်နိုင်ငံအကြား အပြန်အလှန် တန်းတူညီမျှမှု၊ အပြန်အလှန်လေးစားမှုနှင့် ချစ်ကြည်ရင်းနှီးမှုများကို အရင်းခံပြီး အိမ်နီးချင်းကောင်းပီသစွာ ဆက်ဆံခဲ့ကြပါကြောင်း။

ပိုမိုတိုးမြှင့်

ယခုတစ်ကြိမ် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မိမိလာရောက်ခြင်းမှာ တတိယအကြိမ်မြောက် လာရောက်ခြင်းဖြစ်ပြီး နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးပိုမိုတိုးမြှင့်သွားရန်နှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင်နိုင်ရေးအတွက် ရည်ရွယ်လျက် လာရောက်ခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးထူထောင်မှု၊ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ကူညီထောက်ပံ့မှုအခြေအနေများနှင့် နှစ်နိုင်ငံ ကုန်သွယ်မှုပမာဏ တိုးမြှင့်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံကြား စီးပွားရေးကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်ရေး၊ ဒေသဆိုင်ရာနှင့် နိုင်ငံတကာမျက်နှာစာတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားပြီးနောက် အဆွေတော် ဝန်ကြီးချုပ်အနေဖြင့် အဆင်ပြေမှုရှိသည့်အချိန်တွင် မြန်မာနိုင်ငံသို့လာရောက်လည်ပတ်ရန် ဖိတ်မန္တကပြုပါကြောင်းဖြင့် ပြောကြားသည်။

ကျော်လွှားအောင်မြင်

ထို့နောက် နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်က ပြန်လည်ဆွေးနွေးပြောကြားရာတွင် တရုတ်-မြန်မာ သံတမန်ဆက်ဆံမှုထူထောင်ခဲ့သည်မှာ နှစ်ပေါင်း၆၀ ပြည့်မြောက်တော့မည်ဖြစ်ပါကြောင်း၊ ထိုနှစ်ပေါင်း ၆၀အတွင်း နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်နိုင်ခဲ့ကြပါကြောင်း၊ ကြုံတွေ့ခဲ့ရသည့် အခက်အခဲများကိုလည်း အတူတကွကျော်လွှားပြီး အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ကြပါကြောင်း။

မိမိတို့နှစ်နိုင်ငံစလုံးမှ ခေါင်းဆောင်များအနေဖြင့် နှစ်နိုင်ငံဆက်ဆံရေး တိုးတက်စေရန်နှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုဖြစ်ထွန်းစေရန် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ပါကြောင်း။

အရေးကြီးဆောင်ရွက်ချက်

မိမိတို့ တရုတ်နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒအရလည်း မြန်မာနိုင်ငံနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးမှာ အရေးကြီးသည့် ဆောင်ရွက်ချက်ဖြစ်သဖြင့် ဤမျှ အောင်မြင်ခဲ့ခြင်း ဖြစ်ပါကြောင်း။

အကူအညီများ

တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှု အကူအညီများ ပေးအပ်လျက်ရှိပါကြောင်း၊ ၂၀၀၈ခုနှစ် နာဂစ်မုန်တိုင်းတိုက်ခတ်အပြီးတွင်လည်း အကူအညီများ ပေးအပ်ခဲ့ပါကြောင်း။

ထို့ပြင် နှစ်နိုင်ငံအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်အပေါ် အခြေခံ၍ ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးမှာ ခိုင်မြဲစွာ ဖြစ်ထွန်းလျက်ရှိပါကြောင်း။

စဉ်ဆက်မပြတ်

တရုတ်နိုင်ငံအနေဖြင့် နိုင်ငံတကာ မျက်နှာစာတွင် မြန်မာနိုင်ငံ၏ တရားမျှတသော အကျိုးစီးပွားကို ထိန်းသိမ်းကာကွယ်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ၌ စီးပွားရေးနှင့် အခြားကဏ္ဍများ ပါဝင်လျက်ရှိပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လျက်ရှိပါကြောင်း။

နှုတ်ခွန်းဆက် မေတ္တာပို့သ

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံက ကူညီထောက်ပံ့မှုများ ပေးအပ်ရာတွင် နှောင်ကြိုးပါသည့် အကူအညီများ မဖြစ်စေရဟူသော မူဝါဒအရ ကူညီပေးခြင်းသာ ဖြစ်ပါကြောင်း၊ တရုတ်-မြန်မာ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေးအတွက် အလေးပေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိမိအား မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရန် ဖိတ်ကြားခြင်းအတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် မြန်မာနိုင်ငံအကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဝန်ကြီးချုပ်တို့ကိုလည်း နှုတ်ခွန်းဆက် မေတ္တာပို့သအပ်ပါကြောင်းဖြင့် ပြောကြားပြီး တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်အား ပေကျင်းမြို့ရှိ ဝန်ကြီးချုပ်ရုံး ကျုံးနန်းဟိုင် ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၂၁

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း (Union of Myanmar Travel Association) သည် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းအပြင် အသိပညာပြန့်ပွားရေး လုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် ပညာရပ်ဆိုင်ရာ ဟောပြောပွဲများကို ကျင်းပလျက်ရှိရာ ဇွန်၂၇ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ Asia Plaza Hotel ၌ ဒေါက်တာမောင်မောင်သိမ်းက "ခရီးသွားလုပ်ငန်းနှင့် ပတ်သက်သော အာမခံများ" (Tourism Related Insurance)နှင့် ပတ်သက်၍ ဟောပြောမည်ဖြစ်သည်။

ဆက်သွယ်စာရင်းပေးသွင်းနိုင်

အဆိုပါ ဟောပြောပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်းနှင့် တက်ရောက်မည့်သူများအနေဖြင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းရုံး ဖုန်း-၅၅၉၆၇၂၊ ၅၅၉၆၇၃ နှင့် ၅၄၅၇၀၇တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောင်းဆောင်သစ်များ ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲများကျင်းပ

ရန်ကုန် ဇွန် ၂၁

i Love Myanmar အဖွဲ့မှ ဆောက်လုပ်လှူဒါန်းသည့် ဧရာဝတီတိုင်းအတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများ အုတ်မြစ်ချပွဲအခမ်းအနားများနှင့် ကျောင်းဆောင်သစ်များ ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားများကို ဧရာဝတီတိုင်းအတွင်းရှိ ဘိုကလေးမြို့နယ်၊ မော်လမြိုင်ကျွန်းမြို့နယ်နှင့် လပွတ္တာမြို့နယ်များ၌ ကျင်းပသည်။

အုတ်မြစ်စီ

ဇွန်၁၂ရက်တွင် ဘိုကလေးမြို့နယ် ဒေါင့်ကြီးကျေးရွာအုပ်စု သဲချောင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ် အုတ်မြစ်စီပွဲ အခမ်းအနားနှင့် ဇွန်၁၃ရက်တွင် မော်လမြိုင်ကျွန်းမြို့နယ် ကြက်လျှာကျေးရွာအုပ်စု ခနိချောင်းစံပြကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်အုတ်မြစ်စီပွဲ အခမ်းအနားများကို နံနက်၈နာရီတွင် ကျင်းပရာ သတ်မှတ်နေရာများ၌ အလှူရှင် i Love Myanmar အဖွဲ့ ဥက္ကဋ္ဌ ဒေါ်လီဗီဆပ်နိုင်ထန်းက အုတ်မြစ်စီပေးသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဇွန်၁၄ရက်တွင် လပွတ္တာမြို့နယ် ဆားချက်ကျေးရွာအုပ်စု ကကရိကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားနှင့် ပညာရေးဌာနသို့လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို နံနက်၇နာရီတွင် အဆိုပါကျောင်းဆောင်သစ်ရှေ့၌ ကျင်းပရာ ကျောင်းဆောင်သစ်အား Emmanuel Foundation မှ ဒါရိုက်တာ ဦးဒံယယ်လလင်းနှင့် i Love Myanmar အဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ရှင်းလင်းပြောကြား

ထို့နောက် လပွတ္တာခရိုင် ဥက္ကဋ္ဌက အမှာစကား ပြောကြားပြီး i Love Myanmar အဖွဲ့ဥက္ကဋ္ဌက ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားကာ ကျောင်းဆောင်သစ်နှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများကို လပွတ္တာမြို့နယ် ပညာရေးမှူး ဦးဝင်းမောင်သို့ ပေးအပ်သည်။

လွှဲပြောင်းပေးအပ်

နံနက်၈နာရီတွင် ဆားချက်ကျေးရွာအုပ်စု တာလူဖထောကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို အဆိုပါကျောင်းဆောင်သစ်ရှေ့၌ လည်းကောင်း၊ မွန်းတည့် ၁၂နာရီတွင် ဆားချက်ကျေးရွာအုပ်စု ပိတောက်ကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်း အုတ်မြစ်ချတိုင်ထူခြင်း အခမ်းအနားကို ကျောင်းမြေနေရာ၌လည်းကောင်း၊ ဇွန်၁၆ရက်တွင် အပြင်အလန်းကျေးရွာအုပ်စု အမတ်ကလေးကျေးရွာ အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို အဆိုပါ ကျောင်းဆောင်သစ်ရှေ့၌လည်းကောင်း ကျင်းပခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

လပွတ္တာမြို့နယ် ဆားချက်ကျေးရွာအုပ်စု တာလူဖထောကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲတွင် Emmanuel Foundation မှ ဒါရိုက်တာ ဦးဒံယယ်လလင်းနှင့် i Love Myanmar အဖွဲ့ ဥက္ကဋ္ဌ ဒေါ်လီဗီဆပ်နိုင်ထန်းနှင့် တာဝန်ရှိသူများ ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

ကန်တို့ လေကြောင်းမှတိုက်ခိုက်မှု၊ အရပ်သားများထွက်ပြေးရ

အာဖဂန်ရှိ ဟီရက်ပြည်နယ်၌ ဗုံးပေါက်ကွဲ အပြစ်မဲ့အရပ်သား ခြောက်ဦးသေဆုံး

ကဘူးလ် ဇွန် ၂၁

အာဖဂန်နစ္စတန်နိုင်ငံ ဟီရက်ပြည်နယ် ဂါဇာရာခရိုင်တွင် ဇွန် ၂၀ရက်က လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပွားရာ အာဖဂန်ပြည်သူ ခြောက်ဦးသေဆုံးခဲ့ကြောင်း အာဖဂန်နစ္စတန်ရဲတပ်ဖွဲ့က ဇွန် ၂၀ရက်တွင် ပြောကြားသည်။

ပေါက်ကွဲ

ဖြစ်ပွားမှုမှာ ဟီရက်ပြည်နယ် ဂါဇာရာခရိုင်တွင် အရပ်သားများ လိုက်ပါလာသော မော်တော်ယာဉ်ကို လမ်းဘေးဗုံးပေါက်ကွဲ ထိမှန်ခဲ့ရာမှ မော်တော်ယာဉ်ပေါ်လိုက်ပါလာသူ ခြောက်ဦးသေဆုံးခဲ့ရခြင်းဖြစ်သည်။ အာဖဂန်နစ္စတန် လက်နက်ကိုင် တိုက်ခိုက်ရေးသမားများက အမေရိကန်နှင့် အပေါင်းပါ တပ်ဖွဲ့ဝင်များ၏ မော်တော်ယာဉ်များကို ပစ်မှတ်ထားကာ ဗုံးခွဲတိုက်ခိုက်ခြင်းကြောင့် အရပ်သားများ ထိမှန် သေဆုံးခဲ့ခြင်းဖြစ်သည်။

တိုက်ခိုက်

အမေရိကန် တပ်ဖွဲ့ဝင်များက သံသယရှိသည့် အာဖဂန်ကျေးရွာများကို လေကြောင်းမှ တိုက်ခိုက်မှုများကြောင့် အရပ်သားများ ထွက်ပြေးတိမ်းရှောင်နေကြရသည်။ **(အင်တာနက်)**

ထရပ်ကား ဗုံးပေါက်ကွဲ

အီရတ်နိုင်ငံ ကယ်ကွတ်မြို့၌ ယခုလအတွင်း အရပ်သားသေဆုံးမှုအများဆုံး ထရပ်ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီးနောက် အပျက်အစီးများကို ဇွန် ၂၀ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အီရတ်တွင် သတင်းများ

အီရတ်၌ အကြမ်းဖက် လုပ်ရပ်များကြောင့် ပြည်သူအများ လူမှုဒုက္ခကြုံရ

ဖလူးဂျာ ဇွန် ၂၁

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အနောက်ပိုင်း ၄၅ကီလိုမီတာအကွာရှိ ဖလူးဂျာမြို့၌ ဇွန်၂၀ရက် ညနေပိုင်းက အသေခံကားဗုံးဖောက်ခွဲတိုက်ခိုက်ရာ အရပ်သားနှစ်ဦး သေဆုံးပြီး လေဦးဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ယင်းဖြစ်ပွားမှုသည် ဖလူးဂျာမြို့ အရှေ့ပိုင်း ဂါဖာဒေသရှိ ပြည်သူ့စစ်တပ်ဖွဲ့ကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ရာမှ အရပ်သားများ သေဆုံးခဲ့ရခြင်းဖြစ်သည်။

အသေခံဗုံးဖောက်ခွဲ

၎င်းနိုင်ငံ၌ အကြမ်းဖက်တိုက်ခိုက်မှုများ၊ လက်နက်ကြီးများဖြင့် ပစ်ခတ်မှု၊ အသေခံ ဗုံးဖောက်ခွဲမှုများကြောင့် နိုင်ငံတစ်ဝန်းရှိ ပြည်သူများ လူမှုဒုက္ခအမျိုးမျိုး ကြုံတွေ့ခံစားနေရသည်။ **(အင်တာနက်)**

အာဖဂန်၌အမေရိကန်တို့ လေကြောင်းမှ တိုက်ခိုက် အရပ်သားများသေဆုံးပြီး အိုးမဲ့အိမ်မဲ့ဖြစ်ကြရ

ကဘူးလ် ဇွန် ၂၁

အာဖဂန်နစ္စတန်အနောက်ပိုင်းတွင် အမေရိကန်တပ်ဖွဲ့ဝင်များက လေကြောင်းမှ တိုက်ခိုက်မှုကြောင့် အရပ်သားများသေဆုံးမှုသည် မဆင်မခြင် တိုက်ခိုက်ခြင်းဖြစ်ကြောင်း နိုင်ငံတကာဒုက္ခသည်များဆိုင်ရာ လှုံ့ဆော်ရေးအဖွဲ့က ဇွန် ၂၀ရက်တွင် ပြောကြားသည်။

အာဖဂန် လက်နက်ကိုင် တိုက်ခိုက်ရေးသမားများအား ပစ်ခတ်တိုက်ခိုက်သည်ဟူသော အမေရိကန်တို့အကြောင်းပြချက်မှာ မှန်ကန်မှုမရှိကြောင်း ၎င်းတို့က ပြောကြားသည်။ ထို့အပြင် ပြီးခဲ့သည့် မေ ၄ရက်က အမေရိကန်တို့ လေကြောင်းမှတိုက်ခိုက်မှုသည် မှားယွင်းစွာတိုက်ခိုက်မိခဲ့သည်ဟု အမေရိကန်တို့က ဝန်ခံထားပြီးဖြစ်ရာ အရပ်သားများ သေဆုံးဒဏ်ရာရရှိမှုမှာ ထိုသို့မှားယွင်းကြောင်းဝန်ခံမှုနှင့် မလုံလောက်ပေ။

သေဆုံး

ပြီးခဲ့သည့် မေလက အမေရိကန်တို့ လေကြောင်းမှတိုက်ခိုက်မှုကြောင့် သေဆုံးသူ အာဖဂန်ပြည်သူများမှာ စုစုပေါင်း ၁၄၀ခန့်ရှိနေသည်ဟု အာဖဂန်နစ္စတန်အစိုးရက သတင်းထုတ်ပြန်ထားသည်။ အာဖဂန်နစ္စတန် ပြည်သူ အသက်အိုးအိမ်များစွာ ဆုံးရှုံးပျက်စီးရခြင်းမှာ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ အာဖဂန်နစ္စတန်သို့ ကျူးကျော်ဝင်ရောက်ခဲ့ခြင်းမှ အစပြုခဲ့ခြင်း ဖြစ်သည်။

အိုးမဲ့အိမ်မဲ့

အမေရိကန်တပ်ဖွဲ့များက မြေပြင်နှင့်လေကြောင်းတို့မှ တိုက်ခိုက်ခဲ့မှုကြောင့် နေအိမ်များပျက်စီးပြီး ခိုကိုးရာမဲ့ဖြစ်ခဲ့ရသော အာဖဂန်အရပ်သားဦးရေမှာ များစွာရှိနေသည်။ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ၏ မှားယွင်းစွာတိုက်ခိုက်မှုကြောင့် ပြည်သူနှင့်ကလေးငယ်များ ဆိုးရွားစွာထိခိုက်မှုရှိနေကြောင်း ၎င်းတို့အဖွဲ့က ပြောကြားသည်။

(အင်တာနက်)

ရင်နင့်ဖွယ်

အာဖဂန်နစ္စတန်နိုင်ငံ ဇာဘူးလ်ပြည်နယ်၌ ဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် ပြိုကျပျက်စီးသွားသည့် အဆောက်အအုံများအကြား ပိတ်မိသေဆုံးသူများအား ဆွဲထုတ်နေကြသည့် မြင်ကွင်းမှာ ရင်နင့်ဖွယ်ပင်။ (အင်တာနက်ဓာတ်ပုံ)

တန်းစီစောင့်ဆိုင်း

အီရတ်နိုင်ငံ ဘာကူဘာမြို့ရှိ စစ်ဘေးဒုက္ခသည် များအား ကယ်ဆယ်ရေးပစ္စည်းများပေးဝေရာနေရာများ၌ စားနပ်ရိက္ခာနှင့် သောက်သုံးရေပြတ် လပ် လျက် ရှိသည့် ပြည်သူများမှာ ပူပြင်းသော နေရောင်အောက်၌ တန်းစီစောင့်ဆိုင်းနေကြရသည့်မြင်ကွင်းကို တွေ့မြင်ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

အပြစ်မဲ့ ပြည်သူများသေဆုံး

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာပြည်နယ်၌ အမေရိကန်တို့ လေကြောင်းမှတိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရသည့် အပြစ်မဲ့ပြည်သူများကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အီရတ်မြို့ကြီးများ၌ အကြမ်းဖက်မှု ပိုမိုအရှိန်မြှင့်လုပ်ဆောင်

ဘဂ္ဂဒက် ဇွန် ၂၁

အီရတ်နိုင်ငံမြို့ကြီးများရှိ နေရာအနှံ့အပြား၌ အကြမ်းဖက် တိုက်ခိုက်မှုများနှင့် အသေခံဗုံးဖောက်ခွဲတိုက်ခိုက်မှုများ ယခုနှစ်အတွင်း ပိုမိုအရှိန်မြှင့် လုပ်ဆောင်လာလျက်ရှိသည်။

မြင့်တက်

ယင်းကဲ့သို့ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် အီရတ်နိုင်ငံရှိ ပြည်သူများ ဘေးဒုက္ခများနှင့် ကြုံတွေ့ခံစားနေခဲ့ရပြီး ဒဏ်ရာရရှိမှုနှင့် သေဆုံးမှုများလည်း မြင့်တက်လာခဲ့သည်။ ဘဂ္ဂဒက်မြို့မြောက်ပိုင်း ၄၀၅ကီလိုမီတာအကွာရှိ မိုဆူးလ်မြို့ အရှေ့ပိုင်း၌ ဇွန် ၁၈ရက်က သေနတ်သမားများ၏ ပစ်ခတ်မှုကြောင့် အရပ်သားတစ်ဦး သေဆုံးခဲ့ကြောင်း လုံခြုံရေးတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

ပစ်မှတ်ထား

ယင်းဖြစ်ပွားမှုသည် အီရတ်လုံခြုံရေးတပ်ဖွဲ့၏ ကင်းလှည့်ယာဉ်ကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ရာမှ အရပ်သားများအား ထိမှန်ခဲ့ခြင်းဖြစ်သည်။

တိမ်းရှောင်

အီရတ်ပြည်သူများအနေဖြင့် ဤကဲ့သို့ အကြမ်းဖက်တိုက်ခိုက်မှုများ ကြုံတွေ့နေရသဖြင့် မိမိတို့နေရာဒေသမှ တိမ်းရှောင်ထွက်ပြေးခဲ့ကြရသည်။ **(အင်တာနက်)**



၂၁ရာစု၌ အချိန်အကြာဆုံး နေကြတ်မှု ဇူလိုင် ၂၂ရက်၌ အာရှနိုင်ငံများ မြင်တွေ့ကြရမည်

တိဟီရန် ဇွန် ၂၁

၂၁ရာစု၏ အချိန်အကြာဆုံးနေကြတ်ခြင်းကို လာမည့် ဇူလိုင်၂၂ရက်၌ တွေ့မြင်ကြရမည်ဖြစ်ကြောင်း အီရန်အာကာသသုတေသနပညာရှင်များက ဇွန် ၂၁ရက်၌ ထုတ်ဖော်ပြောကြားလိုက်သည်။

ကြာမည်

ထိုသို့ နေကြတ်မှုဖြစ်ပေါ်သည့်အခါ စုစုပေါင်းကြာမြင့်ချိန်သည် ၆မိနစ် ၅၅စက္ကန့်အထိ ကြာမြင့်မည်ဖြစ်ကြောင်း၊ ယင်းမှာ ၂၁ရာစု၌ အချိန်အကြာဆုံး နေကြတ်ခြင်းဖြစ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

မြင်တွေ့ရမည်

အချိန်ကြာမြင့်စွာ နေကြတ်ခြင်းကို စတင်တွေ့ရှိရမည့် နိုင်ငံများမှာ အိန္ဒိယ၊ နီပေါ၊ ဘင်္ဂလားဒေ့ရှ်၊ ဘူလ်တန်၊ မြန်မာနှင့် တရုတ်နိုင်ငံတို့ဖြစ်ကြောင်း အီရန်အာကာသသုတေသနပညာရှင်များက ဆက်လက်ပြောကြားသည်။

အချိန်အကြာဆုံး

တရုတ်နိုင်ငံ အရှေ့ပိုင်းဒေသများသည် နေကြတ်ခြင်းကို အချိန်ကြာမြင့်စွာ မြင်တွေ့ကြရမည်ဖြစ်ပြီး အာရှနိုင်ငံများက ယင်းနေကြတ်ခြင်းကို ပိုမိုမြင်တွေ့ရန် အခွင့်ရေးများကြောင်း ၎င်းတို့က ပြောကြားသည်။ (အင်တာနက်)

ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဆလိုဗက်ကီးယား ကတိကဝတ်ပြု

ဘရာတစ်လာဗာ ဇွန် ၂၁

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် စလိုဗက်ကီးယားနိုင်ငံတို့သည် သံတမန်ဆက်ဆံရေး နှစ်(၆၀)မြောက် အထိမ်းအမှတ်အဖြစ် ရိုးရာမပျက် ချစ်ကြည်ရင်းနှီးမှုတောင့်တင်းခိုင်မာလာစေရေးနှင့် ပူးပေါင်းဆောင်ရွက်မှုပမာဏကို တိုးမြှင့်ရန် တရုတ်သမ္မတ ဟူကျင်တောင်နှင့် ချက်ကိုဆလိုဗက်ကီးယားသမ္မတ အီဗန်ဂက်စ်ပါရိုဗစ်တို့ ဇွန် ၁၈ရက်က သဘောတူညီခဲ့ကြသည်။

နှစ်နိုင်ငံဆက်ဆံရေး

နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု ကာလကြာရှည်စွာ ခိုင်မြဲနေခဲ့ကြောင်း၊ ဥရောပအလယ်ပိုင်းနိုင်ငံဖြစ်သည့် ချက်ကိုဆလိုဗက်ကီးယားနိုင်ငံ လွတ်လပ်ရေးရရှိခဲ့သည့် လွန်ခဲ့သော ၁၆နှစ်ကတည်းက အထူးသဖြင့် နှစ်နိုင်ငံ ဆက်ဆံရေးကို တောင့်တင်းခိုင်မာတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ ဟူကျင်တောင်က အလေးဂရုပြု ပြောကြားခဲ့သည်။

ကျေနပ်အားရ

နှစ်နိုင်ငံဆက်ဆံရေး အခြေအနေကို ကျေနပ်အားရကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဆလိုဗက်ကီးယားနှစ်နိုင်ငံအကြား သမိုင်းတွင်လောက်အောင် သိသာသည့် ပဋိပက္ခ ကြီးကြီးမားမားမရှိခဲ့ကြောင်း ၎င်းက ပြောကြားသည်။

မျှဝေခံစား

နှစ်နိုင်ငံ မျှဝေခံစားမည့် ရည်မှန်းချက်မှာ အများဆန္ဒကို ဦးစားပေးချဲ့ထွင်ရန်နှင့် ပူးပေါင်းဆောင်ရွက်မှုကို နက်နက်ရှိုင်းရှိုင်း တိုးမြှင့်ဆောင်ရွက်ရန် ဟူက ဆက်လက်ပြောကြားခဲ့သည်။

အမ်အင်န်အေ၊ ဆင်ဟွာ

နီပေါနှင့်အိန္ဒိယနယ်စပ်အငြင်းပွားမှု ဖြေရှင်းရေး ဒေသခံယန္တရားကို ပြန်အသက်သွင်းမည်

ခတ္တမန္ဒူ ဇွန် ၂၁

နီပေါနှင့် အိန္ဒိယနိုင်ငံတို့က နှစ်နိုင်ငံနယ်စပ်အငြင်းပွားမှုကို ဖြေရှင်းရန် လက်ရှိဒေသအတွင်း နှစ်နိုင်ငံယန္တရားကိုပင် ပြန်လည်အသက်သွင်းရန် ဇွန် ၂၀ရက်က သဘောတူလိုက်ကြသည်။

ဆွေးနွေးညှိနှိုင်း

ထို့အပြင် အိမ်နီးချင်းနှစ်နိုင်ငံအကြား အတိတ်က နားလည်မှုနှင့် သဘောတူညီမှုများ ပြန်လည်အကောင်အထည်ဖော်မှု ရှင်သန်သွက်လက်ရေး ဆွေးနွေးညှိနှိုင်းကြသည်ဆို၏။

သဘောတူညီ

လက်ရှိဒေသအတွင်း နှစ်နိုင်ငံယန္တရားကို ပြန်လည်အသက်သွင်းရန် ဧည့်သည်တော် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး မီရွန်နှင့် နီပေါဝန်ကြီးချုပ် မာဒက်ကူးမား နီပေါတို့ တွေ့ဆုံကာ သဘောတူညီလိုက်ကြခြင်း ဖြစ်သည်။

အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး မီရွန်သည် နီပေါနိုင်ငံ၌ နှစ်ရက်ကြာနေထိုင်လည်ပတ်ရန် စနေနေ့က ရောက်ရှိလာသည်။ သူသည် နီပေါနိုင်ငံသို့ လေးလအတွင်း ဒုတိယအကြိမ် လာရောက်ခြင်းဖြစ်သည်။

အမ်အင်န်အေ၊ ပီတီအိုင်

မူးယစ်ဆေးမှောင်ခိုသမား ၆၀၀၀၀ ကျော် ၃၁လ အတွင်း ဖမ်းဆီးမိ

မက္ကဆီကိုစီးတီး ဇွန် ၂၁

မက္ကဆီကိုနိုင်ငံ၌ ၂၀၀၆ခုနှစ် ဒီဇင်ဘာလကတည်းက သမ္မတ ကာလ်ဒီရွန် မူးယစ်ဆေးဝါးမှောင်ခိုလုပ်ငန်းနှင့် ဂိုဏ်းဖွဲ့ရာဇဝတ်မှုကျူးလွန်မှုတို့ကို စတင်ချေမှုန်းချိန်မှစ၍ မူးယစ်ဆေးမှောင်ခို ၆၀၀၀၀ကျော်ကို ဖမ်းဆီးထိန်းသိမ်းရရှိထားကြောင်း အာဏာပိုင်များက ပြောကြားသည်။

ဆက်နွှယ်

မူးယစ်ဆေးဝါးမှောင်ခိုမှုနှင့် ဆက်နွှယ်၍ ယခုအထိ သေဆုံးသူပေါင်းမှာ ၁၁၀၀၀အထိရှိပြီး ယခုနှစ်ပထမငါးလ အတွင်းတွင် ၃၀၀၀ရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

စုစည်းတင်ပြသူ - မောင်ချစ်ကြည်

ပျက်ကျပြင်သစ်ခရီးသည်တင်လေယာဉ်မှ အပျက်အစီးများစွာ တွေ့ရှိ

ဇွန် ၁ရက်က အတ္တလန္တိတ်သမုဒ္ဒရာအတွင်း ပျက်ကျသွားခဲ့သော ပြင်သစ်ခရီးသည်တင် လေယာဉ်မှအစိတ်အပိုင်း ၃၀ကျော်နှင့် ခရီးသည်များ၏ အဝတ်အထည် အသုံးအဆောင်များစွာ (အောက်ပုံ) ကို ဘရာဇီးရေတပ်က ဇွန် ၂၁ရက်၌ ရှာဖွေတွေ့ရှိခဲ့ကြသည်။

ပါကစ္စတန်အနောက်မြောက်ပိုင်း၌ လက်နက်ကိုင်တိုက်ခိုက်ရေးသမား ၁၄ဦး သေဆုံး

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း ပက်ရှ်ဝါပြည်နယ်တွင် ဇွန် ၂၁ရက်က ပါကစ္စတန်တပ်ဖွဲ့ဝင်များ တိုက်ခိုက်မှုကြောင့် လက်နက်ကိုင်တိုက်ခိုက်ရေးသမား ၁၄ဦးသေဆုံးသွားကြောင်း ပါကစ္စတန်စစ်ဘက်က ပြောကြားသည်။

သီရိလင်္ကာ၌ A(H1N1) တုပ်ကွေးဖြစ်ပွား

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တွင် ဇွန် ၂၁ရက်က A(H1N1) တုပ်ကွေးရောဂါဖြစ်ပွားသူတစ်ဦးကို ထပ်မံတွေ့ရှိခဲ့ရာ ဆေးရုံတင်ကုသပေးလျက်ရှိကြောင်း၊ သီရိလင်္ကာနိုင်ငံ၌ A(H1N1) တုပ်ကွေးဖြစ်ပွားသူ စုစုပေါင်း နှစ်ဦးရှိပြီဖြစ်ကြောင်း သီရိလင်္ကာကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

တရုတ် အန်ဟွေးပြည်နယ်၌ စက်ရုံပေါက်ကွဲမှုဖြစ်

တရုတ်နိုင်ငံ အန်ဟွေးပြည်နယ်ရှိ စက်ရုံတစ်ရုံ(အောက်ပုံ)၌ ဇွန် ၂၁ရက်က ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွားရာ ၁၆ဦးသေဆုံးပြီး ၄၃ဦး ဒဏ်ရာရရှိခဲ့ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

အိန္ဒိယလေကြောင်းကုမ္ပဏီ ဘိုးရင်းလေယာဉ်များ ဝယ်ယူမည်

အိန္ဒိယတောင်ပိုင်း လေကြောင်းကုမ္ပဏီက ခရီးသည်တင်လေယာဉ် အဲဘတ်စ် အေ-၃၂၁ လေယာဉ် ၁၀စင်း ဝယ်ယူမည်ဖြစ်ကြောင်း၊ ကုန်ကျငွေမှာ အမေရိကန်ဒေါ်လာ ၁ဒသမ ၅ ဘီလီယံဖိုးရှိကြောင်း သတင်းထုတ်ပြန်သည်။ ***(အပေါ်ပုံ)***

ပါလက်စတိုင်းနှင့် ဆီးရီးယားသမ္မတတို့ ဆွေးနွေး

ဆီးရီးယားနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော ပါလက်စတိုင်းသမ္မတ မာမွတ်အာဘတ်စ်နှင့် ဆီးရီးယားသမ္မတ ဘာရှာအယ်လ်အာဆတ်တို့ ဇွန်၂၁ရက်က ဒေသဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

နိုင်ဂျီးရီးယား၌ ရေနံပိုက်လိုင်းများ ဖျက်ဆီးခံရ

နိုင်ဂျီးရီးယားနိုင်ငံ ကူလာမြို့နှင့် အက်ဒါမာကီရီမြို့အနီးရှိ ရေနံပိုက်လိုင်းနှစ်လိုင်းကို ဇွန်၂၁ရက်က နိုင်ဂျီးရီးယားလက်နက်ကိုင် တိုက်ခိုက်ရေးသမားများက ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း နိုင်ဂျီးရီးယားအရာရှိများက ပြောကြားသည်။

စပိန်တောင်ပိုင်းဒေသများ၌ မိုးသည်းထန်စွာ ရွာသွန်း

စပိန်နိုင်ငံ မက်ဒရစ်မြို့တွင် ဇွန်၂၁ရက် နံနက်က မိုးသည်းထန်စွာ ရွာသွန်းခဲ့ကြောင်း၊ ထို့အတူ စပိန်နိုင်ငံတောင်ပိုင်းဒေသအချို့တွင်လည်း မိုးများစွာရွာသွန်းပြီး ရေလွှမ်းမှုများ ဖြစ်ပေါ်ခဲ့ကြောင်း စပိန်မိုးလေဝသအရာရှိများက ပြောကြားသည်။

တရုတ် ဖူကျန့်ပြည်နယ်သို့ မုန်တိုင်းတိုက်ခတ်

တရုတ်နိုင်ငံ ဖူကျန့်ပြည်နယ်အရှေ့ပိုင်းဒေသများသို့ ဇွန် ၂၁ရက် နံနက်က လန်ဖာမုန်တိုင်း ဝင်ရောက်တိုက်ခတ်သွားခဲ့ရာ ငါးဖမ်းစက်လှေအချို့ပျက်စီးပြီး နေအိမ်အချို့ ပျက်စီးခဲ့ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

ဖိလစ်ပိုင်တောင်ပိုင်း၌ ဗုံးပေါက်ကွဲ

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဆာရန်ဂါနီပြည်နယ်၌ ဇွန် ၂၁ရက် မွန်းလွဲပိုင်းက ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ အရပ်သားသုံးဦးသေဆုံးခဲ့ကြောင်း ဖိလစ်ပိုင်ရဲတပ်ဖွဲ့က ပြောကြားသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ မြန်မာသံရုံး၊ စစ်သံရုံး ဝန်ထမ်းမိသားစုများအား တွေ့ဆုံ

နေပြည်တော် ဇွန် ၂၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဇွန် ၁၇ ရက် နံနက် ၁၁ နာရီခွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ မြန်မာနိုင်ငံသံရုံးသို့ ရောက်ရှိကြရာ သံရုံး၊ စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုများက ဂါရဝပြု ကြိုဆိုနှုတ်ဆက်ကြသည်။

ဂါရဝပြုကန်တော့

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့အား သံရုံးဧည့်ခန်းမ၌ သံအမတ်ကြီးနှင့် ဇနီး၊ စစ်သံမှူးနှင့် ဇနီး၊ မိသားစုများက မြန်မာ့ရိုးရာဓလေ့ထုံးတမ်းစဉ်လာနှင့်အညီ ဂါရဝပြု ကန်တော့ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးက သံရုံးဝန်ထမ်းမိသားစုများ ကိုယ်စား သံအမတ်ကြီး ဦးသိန်းလွင်သို့လည်းကောင်း၊ စစ်သံရုံးဝန်ထမ်းမိသားစုများ ကိုယ်စား စစ်သံမှူး ဗိုလ်မှူးကြီးတင့်ဝေသို့လည်းကောင်း လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

လက်ဆောင်ပစ္စည်းများပေးအပ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး၏ ဇနီး ဒေါ်မြမြစန်းက သံရုံး၊ စစ်သံရုံး ဝန်ထမ်းမိသားစုဝင် ကလေးငယ်များကို အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးက ပေကျင်းမြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံ သံရုံးနှင့် စစ်သံရုံး ဝန်ထမ်း မိသားစုများ၊ ဝန်ကြီးဌာနအသီးသီးမှ လာရောက် ပညာသင်ကြားနေကြသည့် ဝန်ထမ်းများအား တွေ့ဆုံ၍ အမှာစကား ပြောကြားရာတွင် ယနေ့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မာရေးနှင့် နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးတို့အတွက် လာရောက်ခဲ့ကြခြင်းဖြစ်ကြောင်း။

တရုတ်-မြန်မာ အိမ်နီးချင်းနှစ်နိုင်ငံ၏ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးမှာ အထူးကောင်းမွန်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် ငြိမ်းချမ်းစွာ အတူတကွ ယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ချက်နှင့်အညီ အတူတကွ နှစ်ပေါင်းကြာရှည်စွာ လက်တွဲနေထိုင်လာခဲ့ကြပြီး နှစ်နိုင်ငံအစိုးရ အချင်းချင်းရော ပြည်သူများပါ ညီရင်းအစ်ကိုစိတ်ဓာတ်ဖြင့် ကူးလူးဆက်သွယ် ဆက်ဆံလျက်ရှိကြောင်း။

ထောက်ခံရပ်တည်

မိမိတို့အကြား တည်ရှိပြီးဖြစ်သည့် ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုကို အခြေခံပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံက မြန်မာနိုင်ငံအပေါ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အကူအညီများသာမက နိုင်ငံတကာ နယ်ပယ်မှာလည်း မြန်မာနိုင်ငံ၏ တရားမျှတသော အကျိုးစီးပွားကို ထောက်ခံရပ်တည်ပေးလျက်ရှိကြောင်း။

ထို့ပြင် ရေအားလျှပ်စစ်ကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ သတ္တုကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍ၊ စက်မှုကဏ္ဍစသည့် ကဏ္ဍပေါင်းစုံတွင်လည်း အတူတကွ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ပေကျင်းမြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံရုံးနှင့် စစ်သံရုံးဝန်ထမ်း မိသားစုများ၊ ဝန်ကြီးဌာနအသီးသီးမှ လာရောက် ပညာသင်ကြားနေကြသည့် ဝန်ထမ်းများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ မြန်မာနိုင်ငံသံရုံး ဧည့်ခန်းမ၌ သံအမတ်ကြီးနှင့် ဇနီး၊ စစ်သံမှူးနှင့် ဇနီး၊ မိသားစုများအား တွေ့ဆုံစဉ်။ (သတင်းစဉ်)

အလေးထားဆောင်ရွက်

သံရုံးနှင့် စစ်သံရုံးဝန်ထမ်းများ အနေဖြင့် မိမိတို့ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မာစေရန်နှင့် နှစ်နိုင်ငံအကျိုးစီးပွား တိုးမြှင့်လာစေရန် အစဉ်အမြဲ အလေးထားဆောင်ရွက်ကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားပြီး မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သံရုံးနှင့် စစ်သံရုံး ဝန်ထမ်းများအနေဖြင့် မိမိတို့တာဝန်ကျနေထိုင်သည့် နိုင်ငံ၏ စည်းကမ်းဥပဒေများကို လေးစားလိုက်နာရေး၊ သံတမန်ကျင့်ဝတ်စည်းကမ်းများနှင့် လျော်ညီစွာ ပြုမူနေထိုင်ရေး၊ ပညာသင် သင်တန်းသားများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အလုပ်အကိုင်ဖြင့် လာရောက်နေထိုင်သူများ အပါအဝင် မိမိနိုင်ငံသားများနှင့် မပြတ်ထိတွေ့ဆက်ဆံပြီး လိုအပ်သည့်ကူညီစောင့်ရှောက်မှုပေးရေး၊ သံရုံး၊ စစ်သံရုံးဝန်ထမ်းများ၊ မိသားစုများအချင်းချင်း စည်းလုံးညီညွတ်မှု ရှိရေးတို့ကို မှာကြားပြီး အတွင်းရေးမှူး(၁) သည် ပညာသင် ကျောင်းသူ ကျောင်းသားများ၊ သံရုံးနှင့် စစ်သံရုံးဝန်ထမ်းမိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

တည်ခင်းဧည့်ခံ

ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား သံအမတ်ကြီးနှင့် ဇနီးတို့က ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

သစ်တောစိုက်ခင်းစိုက်ပျိုးရန် တာဝန်ပေးအပ်ပွဲနှင့် ပျိုးပင်များ ဖြန့်ဝေပွဲ တောင်ကုတ်၌ ကျင်းပ

တောင်ကုတ် ဇွန် ၂၁

သံတွဲခရိုင် တောင်ကုတ်မြို့နယ်တွင် ၂၀၀၉ခုနှစ် မိုးရာသီ တစ်အိမ်ထောင်လျှင် ကျွန်းသုံးပင်၊ ယူကလစ်သစ်မာ အပင် ၂၀ တစ်ရွာတစ်ဧက ကျေးရွာပိုင် သစ်တောစိုက်ခင်း စိုက်ပျိုးရန် တာဝန်ပေးအပ်ပွဲနှင့် ပျိုးပင်များ ဖြန့်ဝေပွဲကို ဇွန် ၁၅ရက် မွန်းလွဲ ၁နာရီက မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးသန်း တက်ရောက် အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်စိုးက စိုက်ပျိုးရမည့် နည်းစနစ်နှင့် လုပ်ငန်းများအကြောင်း ပညာပေး ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးစိုးသန်းနှင့် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်စိုးတို့က ကျေးရွာဥက္ကဋ္ဌများအား တာဝန်ပေးအပ်လွှာနှင့် ပျိုးပင်များကို အသီးသီးပေးအပ်သည်။ **(ဓါတ်ပုံ)**

တောင်ကုတ်မြို့နယ်တွင် ကျွန်းအပင် ၅၀၀၀၀၊ ယူကလစ်သစ်မာ အပင် ၃၆၀၀၀နှင့် အခြား ၈၀၀၀ စုစုပေါင်း ၉၄၀၀၀ ကို စိုက်ပျိုးသွားမည်ဖြစ်သည်။ **(မြို့နယ် ပြန်/ဆက်)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ ကွန်ပျူတာပိုစတာနှင့် ဓာတ်ပုံပြိုင်ပွဲ ဆုရသူများစာရင်း ထုတ်ပြန်ကြေညာ

ရန်ကုန် ဇွန် ၂၁

၂၀၀၉ ခုနှစ် ဇွန်၂၆ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာနှင့် ဓာတ်ပုံပြိုင်ပွဲများအတွက် ပြိုင်ပွဲဝင်စာမူများနှင့် လက်ရာများကို အကဲဖြတ်ရွေးချယ်ရေးအဖွဲ့က စိစစ်ရွေးချယ်ပြီး ဆုရရှိသူများစာရင်းကို ယနေ့ထုတ်ပြန်ကြေညာသည်။

ဝတ္ထုတိုပြိုင်ပွဲ

ဝတ္ထုတိုပြိုင်ပွဲတွင် ဦးဟန်သိန်း (မောင်အေးနှစ်-ပညာရေး)၏ ကောက်ကြောင်း ဝတ္ထုတိုက ပထမဆု၊ မဝတ်ရည်နန္ဒာ (မာလာဆောင်)၏ ကြယ်စင်များရဲ့ မနက်ဖြန် ဝတ္ထုတိုက ဒုတိယဆု၊ တပ်ကြပ်ကြီး အောင်ကျော်မိုး (နီသင်အောင်ကျော်မိုး)၏ ပန်းကလေးများ မွေးပါစေ ဝတ္ထုတိုက တတိယဆုရရှိပြီး အထူးဆုများအဖြစ် ဦးမောင်သန်း (မောင်သက်နှင်း-မ/ဥ)၏ မာယာကျော့ ကွင်း၊ ဦးရွှေသိန်း (ရဲရင့်ကျော်)၏ ပခုံးဦးမှာ မီးဖူးချင်ရဲ့နှင့် မအိအိကျော် (ရှင်းငယ်ပြည့်)၏ မေတ္တာဖျက်သည့်ဓား တို့က ရရှိကြသည်။

ဆောင်းပါးပြိုင်ပွဲ

ဆောင်းပါးပြိုင်ပွဲတွင် ဒေါ်ခင်ဝတ်ရည် (ဝတ်ရည်ခင်-ပဲခူး)၏ မြူမှုန်ရှင်း၍ လင်းလေပြီ မူးယစ်ကင်း၍သင်းလေပြီ ချစ်သော မြန်မာပြည် ဆောင်းပါးက ပထမဆု၊ ဖူးပွင့်သဉ္ဇာဖြိုး၏ မူးယစ်အန္တရာယ်လူ့ရန်စွယ် ကာကွယ်တိုက်ဖျက် လက်ချင်းဆက် ဆောင်းပါးက ဒုတိယဆု၊ မောင်မောင်ဝင့်ဝါ (အမေ့သား)၏ အမျိုးသားရေးတာဝန်မို့ ဝိုင်းဝန်းတားဆီးကာကွယ်စို့ ဆောင်းပါးက တတိယဆုရရှိပြီး အထူးဆုများအဖြစ် မောင်ထွန်းထွန်းဝင်း (ခွန်ထီးငယ်-သမိုင်း)၏ တန်ဖိုးရှိလှ လူငယ်ဘဝမူးယစ်ကင်းစင် ကျန်းမာမှ၊ ဦးစိုးမြင့် (ချစ်လွမ်းပို-မြန်မာ့အသံ)၏ မူးယစ်အကြမ်းဖက် အကျင့်ပျက် အမှန်တရားဖြင့်တိုက်ဖျက်နှင့် ဦးသန်းလွင် (သိန်းဇော်-ရွှေလီဦး)၏ နိုင်ငံ့အညွန့်အဖူး သားငယ်သမီးငယ်လေးများအတွက် မိဘဆရာသမားတို့၏ တာဝန်လက်များတို့က ရရှိကြသည်။

ကဗျာပြိုင်ပွဲ

ကဗျာပြိုင်ပွဲတွင် မျိုးခိုင် (မူဆယ်)၏ မူးယစ်အန္တရာယ်လူ့ရန်စွယ် ကာကွယ်တိုက်ဖျက်လက်ချင်းဆက် ကဗျာက ပထမဆု၊ ဦးခင်မောင်လတ်၏ မူးယစ်ဆေးကွယ်ကင်းဖို့ ဖယ်ရှင်းစို့ တို့ဝန်တာ ကဗျာက ဒုတိယဆု၊ ဦးပဏ္ဍိတာနန္ဒ (မြတ်ဘုန်း-တပ်ကုန်း)၏ မူးယစ်ဖြိုပစ် မျိုးဆက်သစ် ပြည်ချစ်လူငယ်များ ကဗျာက တတိယဆုရရှိပြီး အထူးဆုများအဖြစ် ဦးသိန်းမြင့် (မောင်သီတာ-အသုတ်)၏ မူးယစ်အန္တရာယ် လူ့ရန်စွယ် ကာကွယ်တိုက်ဖျက်လက်ချင်းဆက်၊ ဦးကျော်ထွန်း (အဖျောက်မြေ-မောင်ဆွေမွန်)၏ အလင်းတန်းများ ဖြတ်သန်းချိန်နှင့် ဦးခင်မောင်ထွန်း (မင်းသွေးနွယ်-ဇီးကုန်း)၏ အလှစစ်ပန်းတိုင် သမိုင်းသစ် အောင်ပွဲတို့က ရရှိကြသည်။

တေးသီချင်းပြိုင်ပွဲ

တေးသီချင်းပြိုင်ပွဲတွင် မမိုးမြတ်ရည်(ရွှေတိုး-သုခုမ)၏ သမိုင်းသစ်လှပပါစေ တေးသီချင်းက ပထမဆု၊ ဦးလေးနိုင် (လေးနိုင်မင်း)၏ တိုက်ဖျက်မနှေး မူးယစ်ဆေး တေးသီချင်းက ဒုတိယဆု၊ ဒေါ်ခင်မိုးထွေး(မိုးသူ-သုခုမ)၏ အမှန်တရားနှင့် ရင်ဆိုင်အနိုင်ယူ မူးယစ်ရန်စွယ် တေးသီချင်းက တတိယဆုရရှိပြီး အထူးဆုများအဖြစ် ဆန်းတင်ကျော်(သုခုမ)၏ တို့ရဲ့သစ္စာခိုင်ကြည်နေမြဲပေ၊ ဝေလင်း(သုခုမ)၏ သင့်အတွက်အများရှိနေတယ်နှင့် ဥမ္မာမြတ်၏ ဆိုးကျိုးဖျက်၍ ကောင်းမွေဆက်မည်တို့က ရရှိသည်။

ပန်းချီပြိုင်ပွဲ

မူလတန်းအဆင့် ပန်းချီပြိုင်ပွဲတွင် မောင်သီဟသွေး အထက(၆)ဗိုလ်တထောင်က ပထမဆု၊ မောင်ကျော်မင်းသက် အမက(၁၁)မူလွန် မဟာအောင်မြေမြို့နယ်က ဒုတိယဆု၊ မခင်သဇင်ညွန့် အလက(၁)ဒဂုံက တတိယဆုရရှိကြပြီး အထူးဆုများအဖြစ် မဖြူနှင်းကို အမက(၃၀)လှိုင်၊ မသက်ထားဆွေဇင် အမက(၁၈)တာမွေနှင့် မောင်မြတ်ခေါင် ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း ကမာရွတ်တို့က ရရှိကြသည်။

အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် မောင်ဉာဏ်လင်းထက်နိုင် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း ကမာရွတ်က ပထမဆု၊ မရွှန်းမြင့်မိုရ်ဦး ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေးကျောင်းက ဒုတိယဆု၊ မနေဇင်နှင်းထက် အထက(၁)ဒဂုံက တတိယဆုရရှိကြပြီး အထူးဆုများအဖြစ် မသင်းနဒီစိုး ရန်ကင်းပညာရေးကောလိပ်လေ့ကျင့်ရေးကျောင်း၊ မောင်သူရပိုင်စိုး အထက(၆)ပုသိမ်နှင့် မောင်အောင်သီ ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း ကမာရွတ်တို့က ရရှိကြသည်။

အထက်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် မစိမ့်သဉ္ဇာညွန့် အထက(၁)ဒဂုံက ပထမဆု၊ မောင်ကောင်းထက်ကျော် အထက(၅)တာမွေက ဒုတိယဆု၊ မောင်သစ္စာစောလင်း အထက(၂)ကမာရွတ်က တတိယဆုရရှိကြပြီး အထူးဆုများအဖြစ် မမြတ်မွန်ကိုကို အထက(၄)တောင်ကြီး၊ မောင်ချမ်းထိုက် အထက(၂)ပုသိမ်နှင့် မောင်အောင်ခန့်ဇော် အထက(၂)ပုသိမ်တို့က ရရှိကြသည်။

ကာတွန်းပြိုင်ပွဲ

မူလတန်းအဆင့် ကာတွန်းပြိုင်ပွဲတွင် မနန္ဒာခိုင်မင်း လေ့ကျင့်ရေးအလယ်တန်းကျောင်း တောင်ငူက ပထမဆု၊ မဆုထက်ထက်ဇင် အမက(၂၀)ပုသိမ်က ဒုတိယဆု၊ မောင်မြတ်ခေါင် ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း ကမာရွတ်က တတိယဆု ရရှိကြပြီး အထူးဆုများအဖြစ် မောင်ဥက္ကာကျော် အထက(၆)မော်လမြိုင်၊ မဟန်နီစိုး အမက(၆)ကျောက်တံတားနှင့် မမေဇင်ထက် အထက(၈)မန္တလေးတို့က ရရှိကြသည်။

အလယ်တန်းအဆင့် ကာတွန်းပြိုင်ပွဲတွင် မောင်စိုးသိုက်အောင်၊ အထက(၁)တောင်ငူက ပထမဆု၊ မောင်အောင်သီ ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း ကမာရွတ်က ဒုတိယဆု၊ မရည်မွန်သန့် အထက(၆)ပုသိမ်က တတိယဆုရရှိကြပြီး အထူးဆုများအဖြစ် မောင်ကျော်စိုးဟန် အထက(၃)ပဲခူး၊ မယမုံဖူးမောင် အထက(၆)ပုသိမ်နှင့် မောင်ဖုန်းမြတ်မင်း အထက(၂)ပုသိမ်တို့က ရရှိကြသည်။

အထက်တန်းအဆင့် ကာတွန်းပြိုင်ပွဲတွင် မစိမ့်သဉ္ဇာညွန့် အထက(၁)ဒဂုံက ပထမဆု၊ မဝင့်သီရိကျော် အထက(၆)ပုသိမ်က ဒုတိယဆု၊ မောင်ကျော်သူဝင်း ပန်းချီ ပန်းပုကျောင်း မန္တလေးက တတိယဆုရရှိကြပြီး အထူးဆုများအဖြစ် မောင်အောင်ခန့်ဇော် အထက(၂)ပုသိမ်၊ မတင်ဇာဝေ အထက(၁)သာယာဝတီနှင့် မောင်ငြိမ်းချမ်း အထက(၄)မော်လမြိုင်တို့က ရရှိကြသည်။

ပိုစတာပြိုင်ပွဲ

မူလတန်းအဆင့် ပိုစတာပြိုင်ပွဲတွင် မောင်မြတ်ခေါင် ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း ကမာရွတ်က ပထမဆု၊ မောင်ဇင်မင်းခန့် အမက(၃၀)လှိုင်က ဒုတိယဆု၊ မသက်ထားဆွေဇင် အမက(၁၈)တာမွေက တတိယဆုရရှိကြပြီး အထူးဆုများအဖြစ် မောင်ကောင်းသန့်ယံ အထက ဗထူး၊ မနှင်းပွင့်ဖြူ ဆူးလေကုန်းကျောင်း မုံရွာနှင့် မောင်ရန်နိုင်ဦး အမက(၁၁)မူလွန် မဟာအောင်မြေမြို့နယ်တို့က ရရှိကြသည်။

အလယ်တန်းအဆင့် ပိုစတာပြိုင်ပွဲတွင် မောင်သူရပိုင်စိုး အထက(၆)ပုသိမ်က ပထမဆု၊ မောင်အောင်သီ ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း ကမာရွတ်က ဒုတိယဆု၊ မောင်ဉာဏ်လင်းထက်နိုင် ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း ကမာရွတ်က တတိယဆုရရှိကြပြီး အထူးဆုများအဖြစ် မရွှန်းမြင့်မိုရ်ဦး ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေးကျောင်း၊ မကေခိုင်သင်း အထက(၈)မန္တလေးနှင့် မောင်ဟိဏ်းထက်စိုး အထက(၃)ပဲခူးတို့က ရရှိကြသည်။

အထက်တန်းအဆင့် ပိုစတာပြိုင်ပွဲတွင် မောင်ချမ်းထိုက် အထက(၂)ပုသိမ်က ပထမဆု၊ မောင်ကောင်းထက်ကျော် အထက(၅)တာမွေက ဒုတိယဆု၊ မနှင်းနွယ်နွယ်အောင် အထက(၂)ကျောက်တန်းက တတိယဆုရရှိကြပြီး အထူးဆုများအဖြစ် မောင်အောင်ခန့်ဇော် အထက(၂)ပုသိမ်၊ မရွှေရည်ဝင်းထွန်း အထက(၂)ဒဂုံနှင့် မနန်းပိုပိုမြင့် အထက(၁၇)အောင်မြေသာစံတို့က ရရှိကြသည်။

ကွန်ပျူတာပန်းချီပြိုင်ပွဲ

အလယ်တန်းအဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲတွင် မောင်သူရပိုင်စိုး အထက(၆)ပုသိမ်က ပထမဆု၊မခြူးထက်ထက်နိုင် အလက(၄)မော်လမြိုင်က ဒုတိယဆု၊ မောင်အောင်သီ ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း ကမာရွတ်က တတိယဆုရရှိကြပြီးအထူးဆုများအဖြစ် မောင်မင်းခန့် အထကပုသိမ်၊ မမြတ်ရတနာတိုး အထက(၁)မြိတ်နှင့် မောင်ဝေယံစိုးနိုင် အထက(၄)မင်္ဂလာတောင်ညွန့်တို့က ရရှိကြသည်။

အထက်တန်းအဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲတွင် မချောမြတ်သီရိ အထက(၈) မော်လမြိုင်က ပထမဆု၊ မဖြိုးသဉ္ဇာအောင် အထက(၁)ပန်းဘဲတန်းက ဒုတိယဆု၊ မနေကြည်သန်းဝင်း အထက(၁)မကွေးက တတိယဆုရရှိကြပြီး အထူးဆုများအဖြစ် မဖြိုးအိဇင် အထကသုဝဏ္ဏ၊ မမေဇင်အောင် အထက(၁)လမ်းမတော်နှင့် မောင်သန်းဆွေ အထက(၂)စစ်တွေတို့က ရရှိကြသည်။

ကွန်ပျူတာပိုစတာပြိုင်ပွဲ

အလွတ်တန်းအဆင့် ကွန်ပျူတာပိုစတာပြိုင်ပွဲတွင် မဆုဝေဖြိုး ရှမ်းပြည်နယ် (အရှေ့ပိုင်း)ပထမဆု၊ မောင်သူရပိုင်စိုး ဧရာဝတီတိုင်းက ဒုတိယဆု၊ မနှင်းဝေဝေ မကွေးတိုင်းက တတိယဆုရရှိကြပြီး အထူးဆုများအဖြစ် စိုင်းအွန်ခေးမိုင်ဆုန် ရှမ်းပြည်နယ်၊ မောင်အောင်ငြိမ်းမြတ် ရှမ်းပြည်နယ်၊ မခင်နှင်းနှင်းယု ပဲခူး(အရှေ့)တို့က ရရှိကြသည်။

ဓာတ်ပုံပြိုင်ပွဲ

ဓာတ်ပုံအလွတ်တန်းပြိုင်ပွဲတွင် ကျော်ကျော်ဝင်း ရန်ကုန်တိုင်းက ပထမဆု၊ မင်းဇာနည်ဇော်(အမရပူရ) ရန်ကုန်တိုင်းက ဒုတိယဆု၊ ကျော်ဇင်ထက် ရန်ကုန်တိုင်းက တတိယဆုရရှိကြပြီး အထူးဆုများအဖြစ် ဦးအောင်မျိုးထွန်း မွန်ပြည်နယ်၊ ဦးတင့်ဆွေဦး (တောင်ကြီး) ရှမ်းပြည်နယ်၊ ဦးအောင်မျိုးထွန်း မွန်ပြည်နယ်တို့က ရရှိကြသည်။ **(သတင်းစဉ်)**

ကျောင်းကျန်းမာရေး စံပြထူးချွန်ဆုချီးမြှင့်ပွဲနှင့် အဆင့်မြင့်ကျောင်း ထူထောင်ရေး ဆင့်ပွားနည်းပြသင်တန်း ဒဂုံမြို့နယ်၌ဖွင့်

ရန်ကုန် ဇွန် ၂၁

၂၀၀၉-၂၀၁၀ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းကျန်းမာရေး စံပြထူးချွန်ဆုချီးမြှင့်ပွဲနှင့် ကျောင်းကျန်းမာရေးအဆင့်မြင့်ကျောင်းထူထောင်ရေး ဆင့်ပွားနည်းပြသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဇွန်၁၆ရက် နံနက် ၈ နာရီက ရန်ကုန်တိုင်း ဒဂုံမြို့နယ် အလက(၂) ဒဂုံသူရိန်ခန်းမ၌ကျင်းပရာ ရှေးဦးစွာ ဒဂုံမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဦးက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းကျန်းမာရေးဆရာဝန်ကြီး ဒေါက်တာခင်စောရီက တိုင်းစံပြထူးချွန် အထက်တန်းအဆင့် စံပြပထမဆုရ ဒဂုံမြို့နယ် အထက(၁)ကျောင်း ကိုယ်စား ကျောင်းအုပ်ဆရာကြီး ဒေါက်တာအောင်ကိုကိုအား လည်းကောင်း၊ အလယ်တန်းအဆင့် စံပြ ပထမဆုရ ဒဂုံ အလက (၁)ကျောင်းကိုယ်စား ကျောင်းအုပ်ဆရာမကြီးဒေါ်စောယုခင်အားလည်းကောင်း၊ ဒဂုံမြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ဦးက စံပြပထမဆုရ အထက(၃) ကျောင်းနှင့် မူလတန်းအဆင့် စံပြပထမဆုရ အမက(၁၀)ကျောင်းအားလည်းကောင်း၊ မြို့နယ်ပညာရေးမှူး ဒေါ်စန်းစန်းမြင့်က ကျောင်းကျန်းမာရေး စံပြပထမဆုရ အမက(၁) ကျောင်းနှင့် အလယ်တန်းအဆင့် စံပြပထမဆုရ ဒဂုံအလက(၂) ကျောင်းကိုယ်စား ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်ယဉ်ကြည် **(အပေါ်ပုံ)**တို့အား ကျောင်းကျန်းမာရေး စံပြထူးချွန် ပထမဆုများ ချီးမြှင့်ကြသည်။ **(၁၂၁)**

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ စီမံကိန်းလျာထားချက် ကျော်လွန်အောင်ဆောင်ရွက်

နေပြည်တော် ဇွန် ၂၁

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၁၉ရက်နံနက် ၇နာရီက နေပြည်တော်ရှိ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၌ ကျင်းပရာ ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းတက်ရောက်၍ ပိတောက်ပင်စိုက်ပျိုးပေးသည်။

ဖြစ်ထွန်းမှု

ဆက်လက်၍ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများက ပိတောက်၊ မန်ကျည်း၊ ရေတမာနှင့်စိန်တလုံးသရက်စသည့် သစ်ပင် ၁၃၀၀ကျော်ကို စိုက်ပျိုးကြရာ ဝန်ကြီးနှင့်အဖွဲ့သည် လှည့်လည်ကြည့်ရှုအားပေးကြပြီး ယခင်နှစ်များက စိုက်ပျိုးခဲ့သော စားပင်၊ အရိပ်ရလေကာပင်များ ဖြစ်ထွန်းနေမှုများကိုလည်း ကြည့်ရှုကြသည်။

ကျင်းပ

အလားတူ မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာန ဆည်အတွင်းသို့ ငါးမျိုးစိုက်ထည့်ပေးခြင်း အခမ်းအနားကို နံနက် ၇နာရီခွဲက ကျင်းပရာ ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ငါးမျိုးများကို စိုက်ထည့်ပေးသည်။

စိုက်ထည့်ပေး

ထို့နောက် ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများက ငါးမြစ်ချင်း၊ ငါးခုံးမ၊ တီလားပီးယား၊ ရွှေရောင်ငါးကြင်းစသည့် ငါးမျိုး ၃၀၀၀၀ကျော်ကို စိုက်ထည့်ပေးကြသည်။

ဆောင်ရွက်

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နံနက် ၉နာရီတွင် ဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ကျင်းပရာ ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းက အသားကဏ္ဍဖွံ့ဖြိုးတိုးတက်လာရေးအတွက် နှစ်စဉ် စီမံကိန်းလျာထားချက်များကို ပြည့်မီကျော်လွန်အောင်ဆောင်ရွက်သွားရန် မှာကြားသည်။

ပြောကြား

ထို့နောက် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကြီးက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ရှေ့လုပ်ငန်းစဉ်များကို လည်းကောင်း၊ ပြည်နယ်၊တိုင်း ဦးစီးမှူးများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပန်းတနော် မြို့နယ် ထွေ/အုပ် ဦးစီးဌာန ဝန်ထမ်းသားသမီးများ ပညာသင်စရိတ်ပေးအပ်

ပန်းတနော် ဇွန် ၂၁

ပန်းတနော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ ဝန်ထမ်းသားသမီး ၅၁ဦးတို့အား ၂၀၀၉-၂၀၁၀ ပညာသင်နှစ်အတွက် ပညာသင်စရိတ်နှင့် ဝန်ထမ်းတူညီ ဝတ်စုံအတွက် ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၁၈ရက်က ပန်းတနော်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကား

ရှေးဦးစွာ ပန်းတနော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြဦးနှင့် မိသားစုစည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်တင်မေရီတို့က အမှာစကား ပြောကြားကြသည်။

ပေးအပ်

ထို့နောက် ချီးမြှင့်ပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ တာဝန်ရှိသူများက တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား ကျောင်းသူ သုံးဦးနှင့် အခြေခံပညာ အထက်တန်းအဆင့်ရှစ်ဦး၊ အလယ်တန်းအဆင့်၂၂ဦး၊ မူလတန်းအဆင့် ၁၈ဦး စုစုပေါင်း ၅၁ဦးတို့အား ပညာသင်စရိတ်နှင့် ဝန်ထမ်း ၇၉ဦးအတွက် တူညီဝတ်စုံဖိုး စုစုပေါင်းငွေကျပ် ၁၁၇၇၀၀၀ကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)** **(မြို့နယ် ထွေ/အုပ် ဦးစီး)**

နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု သားစဉ်မြေးဆက်အထိ ဆက်လက်မြှင့်တင်ဆောင်ရွက်မည်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး

မြန်မာနိုင်ငံနှင့် စိုက်ပျိုးရေး၊ လျှပ်စစ်နှင့် စက်မှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများရှိ

ကျဲကျန့်ပြည်နယ် ကွန်မြူနစ်ပါတီ အတွင်းရေးမှူး မစ္စတာ ကျောက်ဟုန်ကျူး

နေပြည်တော် ဇွန် ၂၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား ကျဲကျန့်ပြည်နယ် ကွန်မြူနစ်ပါတီ အတွင်းရေးမှူး ပြည်နယ်ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ မစ္စတာ ကျောက်ဟုန်ကျူးသည် ဇွန် ၁၈ ရက် ညနေ ၆ နာရီတွင် ဟန်ကျိုးမြို့ Zhejiang Xizi Hotel Hangzhou ရှိ Qiantang Conference Hall ၌ လာရောက်တွေ့ဆုံဂါရဝပြုသည်။ (အပေါ်ပုံ)

တက်ရောက်

ထိုသို့ တွေ့ဆုံရာတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့နှင့်အတူ အတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ ခရီးစဉ်တွင် လိုက်ပါလာသည့် အစိုးရအဖွဲ့အဖွဲ့ဝင် ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြပြီး ကျဲကျန့်ပြည်နယ် ကွန်မြူနစ်ပါတီ အတွင်းရေးမှူး မစ္စတာ ကျောက်ဟုန်ကျူးနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ယဲ့တာပို၊ ပြည်နယ်ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ Mr. Wu Guohua၊ ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူးနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျဲကျန့်ပြည်နယ် ကွန်မြူနစ်ပါတီ အတွင်းရေးမှူး မစ္စတာ ကျောက်ဟုန်ကျူးက ပြောကြားရာတွင် အဆွေတော်နှင့်အဖွဲ့အား ကျဲကျန့်ပြည်နယ်အစိုးရနှင့် ပြည်သူများကိုယ်စား လှိုက်လှဲစွာ ကြိုဆိုပါကြောင်းကို ပထမဦးစွာ ပြောကြားလိုပါကြောင်း။

ဂုဏ်ယူဝမ်းမြောက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ပြည်နယ်ပေါင်း ၃၁ ခု ရှိသည့်အနက် မိမိတို့ ပြည်နယ်သို့ ချစ်ကြည်ရေးခရီး လာရောက်ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်မှု ဖြစ်ရပါကြောင်း။

မိမိအနေဖြင့် အဆွေတော်အား ကျဲကျန့်ပြည်နယ်အခြေအနေကို ရှင်းလင်းပြောကြားလိုပါကြောင်း၊ ကျဲကျန့်ပြည်နယ်မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အရှေ့တောင်ပိုင်းဒေသတွင်ရှိပြီး လူဦးရေ ၅၁ သန်းကျော်နေထိုင်သည့် ပြည်နယ်တစ်ခုဖြစ်ပါကြောင်း။

နာမည်ကျော်ကြား

ပြည်နယ်အနေဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ ပိုးထည်လုပ်ငန်း၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းများတွင် နာမည်ကျော်ကြားပါကြောင်း၊ ယခင်က ပြည်နယ်၏ ဖွံ့ဖြိုးမှုအနေဖြင့် တရုတ်ပြည်တွင် အလယ်အလတ်အဆင့်သာရှိခဲ့ရာမှ ယခုအခါ အထက်ပိုင်းအဆင့်သို့ ရောက်ရှိလာနိုင်ခဲ့ပြီဖြစ်ပါကြောင်း။

မိမိတို့ပြည်နယ်တွင် ပုဂ္ဂလိကလုပ်ငန်းများ ထွန်းကားမှုရှိပါကြောင်း၊ တစ်ကမ္ဘာလုံးရှိ စီးပွားရေးအင်အားတောင့်တင်းပြီး နာမည်ကြီးသည့် ကုမ္ပဏီ ၅၀ ထဲတွင် ဤပြည်နယ်မှ ကုမ္ပဏီ ၂၀ ကျော် ပါဝင်ပါကြောင်း။

အဓိကထွက်ကုန်

ပြည်နယ်၏ အဓိက ထွက်ကုန်ပစ္စည်းများမှာ ပိုးထည်၊ အီလက်ထရွန်နစ်ပစ္စည်း၊ အစားအသောက်ပစ္စည်း၊ ဓာတုဗေဒနှင့် သံမဏိပစ္စည်းများဖြစ်ပြီး စက်ရုံများလည်း ရှိပါကြောင်း၊ လက်ရှိတွင် မိမိတို့ပြည်နယ်မှ ကုမ္ပဏီရှစ်ခုသည် မြန်မာနိုင်ငံတွင် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံမှ ကုမ္ပဏီလေးခုမှာလည်း မိမိတို့ပြည်နယ်တွင် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံနှင့် စိုက်ပျိုးရေး၊ လျှပ်စစ်နှင့် စက်မှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများ ရှိပါကြောင်းဖြင့် ကျဲကျန့်ပြည်နယ်၏ အခြေအနေများကို ရှင်းလင်းပြောကြားသည်။

အထူးကောင်းမွန်

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ပြန်လည် ဆွေးနွေးပြောကြားရာတွင် မိမိ ကျဲကျန့်ပြည်နယ်သို့ မလာမီက အဆွေတော်ပြည်နယ်မှာ ဖွံ့ဖြိုးတိုးတက်မှုအားကောင်းပြီး သာယာလှပမှု အထူးကောင်းမွန်လှသည့် ပြည်နယ်တစ်ခုဖြစ်ကြောင်းကို သိရှိခဲ့ရကြောင်း။

မိမိအနေဖြင့် အဆွေတော်၏ ဟန်ကျိုးမြို့နှင့် ပတ်ဝန်းကျင်ကို တွေ့မြင်စမှာပင် ပြည်နယ်၏ဖွံ့ဖြိုးတိုးတက်မှုနှင့် သာယာလှပမှုကိုခန့်မှန်းနိုင်ခဲ့ပါကြောင်း။

သားစဉ်မြေးဆက်

ယခု မိမိ၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လာရောက်သည့် ခရီးစဉ်၏ ရည်ရွယ်ချက်မှာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို မိမိတို့ လက်ထက်တွင်သာမက နောင်လာနောက်သား သားစဉ်မြေးဆက်အထိ စဉ်ဆက်မပြတ် ဆက်လက်မြှင့်တင် ဆောင်ရွက်သွားနိုင်ရန် ရည်ရွယ်ကြောင်း။

ယခု မိမိနှင့်အတူ စီးပွားရေးကို တာဝန်ယူဆောင်ရွက်နေကြသည့် ဝန်ကြီးများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များလည်း လိုက်ပါလာကြကြောင်း၊ နှစ်နိုင်ငံ ပုဂ္ဂလိကလုပ်ငန်းရှင်များအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်မည့် စီးပွားရေးလုပ်ငန်းများကို ဆွေးနွေးသွားရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ကျဲကျန့်ပြည်နယ် ကွန်မြူနစ်ပါတီ အတွင်းရေးမှူး မစ္စတာ ကျောက်ဟုန်ကျူးတို့သည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ကျဲကျန့်ပြည်နယ် ကွန်မြူနစ်ပါတီ အတွင်းရေးမှူး မစ္စတာ ကျောက်ဟုန်ကျူးက ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၂-၆-၂၀၀၉ ရက်
(တနင်္လာနေ့)
နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈:၁၀ ၇။ **လူကူးမျဉ်းကျားမှကူးမယ်**(A)
- ၈:၂၀ ၈။ **ပေါက်တံတား(ရေပြာ)နှင့် ပေါက်တံတား(အုန်းတော)**
- ၈:၃၀ ၉။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ တေးများ
- ၈:၄၀ ၁၀။ International News
- ၈:၅၀ ၁၁။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ အတီးပြိုင်ပွဲ
- ၄:၂၀ ၃။ မြန်မာစာ၊ မြန်မာစကား
- ၄:၃၅ ၄။ တေးဂီတအစီအစဉ်(မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
- ၄:၄၅ ၆။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(မြန်မာစာအထူးပြု) (မြန်မာစာ)
- ၅:၀၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၀၅ ၇။ အကပဒေသာ
- ၅:၂၀ ၈။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ တေးများ
- ၅:၃၀ ၉။ တေးဂီတအစီအစဉ်
- ၅:၄၀ ၁၀။ ရုပ်ပါတေးသံရှင်ရွေးချယ်ပွဲ (မော်လမြိုင် အပိုင်း-၆)
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၄၀ ၁၃။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၇:၂၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **သမက်အလိုရှိသည်** (အပိုင်း-၁၅)
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေ့မေတ္တာ**(အပိုင်း-၄)

မှတ်သားဖွယ်ရာ မိုးရေချိန်

၂၁-၆-၂၀၀၉

ခန္တီး	၅ဒသမ ၇၅လက်မ
သိမ်ဇရပ်	၅ဒသမ ၂၈လက်မ
ဘီးလင်း	၄ဒသမ ၀၉လက်မ
သထုံ	၃ဒသမ ၈၉လက်မ
မချမ်းဘော	၃ဒသမ ၆၆လက်မ
ဖြူမြို့	၃ဒသမ ၅၈လက်မ
ထားဝယ်	၃ဒသမ ၃၉လက်မ

မူးယစ်ဆေးဝါး တိုက်ဖျက်သွားစို့

* မူးယစ်ဆေးဝါး၊ အသုံးမှားက
နာဖျားမဆုံး၊ လူပိန်ချုံး၏။

* လူလုံးမလှ၊ စိတ်ဓာတ်ကျ၍
လောကခွင်လုံး၊ အမှောင်ဖုံး၏။

* အသုံးမကျ၊ ရှုံးဘဝကို
ဆန္ဒပိုင်ပိုင်၊ စိတ်ခိုင်ခိုင်ဖြင့်
ကိုယ်တိုင်ဆုံးဖြတ်၊ မူးယစ်ပြတ်အောင်
တတ်မြောက်ကျွမ်းကျင်၊ ဆေးရုံတင်၍
လျှင်လျှင်ကုသ၊ ဆေးဖြတ်ကြသော်
ဘဝအားမာန်၊ ကြံ့ကြံ့ခံ၍
မှန်ကန်နည်းကျ၊ နေနိုင်ကြ၏။

* လှပအိပ်မက်၊ ကြောင်းကျိုးဆက်၍
ချင့်တွက်ဝေဖန်၊ အသိဉာဏ်ဖြင့်
ဇကန်စိုးထိတ်၊ မူးယစ်ဆိပ်ကို
ဆိတ်ဆိတ်မနေ၊ တိုက်ဖျက်လေမှ
လူတွေလည်း ကောင်း၊ နိုင်ငံကောင်း၍
ကောင်းကျိုးချမ်းသာ၊ လာဘ်မဟာကို
မကွာနေ့ည ရလိမ့်တကား။ ။

ပန်းတောင်း သန်းကြွယ်

✻ *ကျောဖုံးမှ*

ဗိုလ်ချုပ်မင်းအောင်လှိုင်၊ ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဝန်ကြီး ဦးစိုးသာ၊ ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြပြီး ရှန်ရှီးပြည်နယ် အုပ်ချုပ်ရေးမှူးနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပို၊ ရှန်ရှီးပြည်နယ် ပြည်သူ့အစိုးရ အတွင်းရေးမှူးချုပ် Mr. Qin Zheng၊ ပြည်နယ်ကူးသန်းရောင်းဝယ်ရေး ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် မစ္စလီရှွယ်မိန်၊ ပြည်နယ် ပြုပြင်ပြောင်းလဲရေးနှင့် ဖွံ့ဖြိုးရေးကော်မတီ ဒုတိယညွှန်ကြားရေးမှူးချုပ် မစ္စတာဆိုက်ရှောင်လင်၊ ပြည်နယ် နိုင်ငံခြားရေးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် မစ္စတာကျန်းပါးဝန်တို့ တက်ရောက်ကြသည်။

အလွန်အရေးပါ

ရှေးဦးစွာ ရှန်ရှီးပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာယွန်ချွမ်ချင်းက အဆွေတော် ဦးဆောင်သည့် ဧည့်သည်တော်များအား ရှန်ရှီးအစိုးရကိုယ်စားလှိုက်လှဲစွာ ကြိုဆိုပါကြောင်း၊ အဆွေတော်အနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာရှီကျင်းဖျင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေး ခရီးစဉ်အတွင်း မိမိတို့ ရှန်ရှီးပြည်နယ်သို့ လာရောက်ခြင်းအတွက် များစွာဂုဏ်ယူပါကြောင်း၊ ဒုတိယသမ္မတ မစ္စတာရှီကျင်းဖျင်မှာ မိမိတို့ ရှန်ရှီးပြည်နယ်ဇာတိဖြစ်ပါကြောင်း၊ လာမည့် ၂၀၁၀ပြည့်နှစ်တွင် တရုတ်-မြန်မာ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး နှစ်(၆၀)ပြည့်မှာဖြစ်ပါကြောင်း၊ ဤကဲ့သို့ နှစ်(၆၀)မတိုင်ခင် လာရောက်သည့် အဆွေတော်၏ ခရီးစဉ်မှာ မိမိတို့အတွက် အလွန်အရေးပါသည့် ခရီးစဉ်ဖြစ်ပါကြောင်း။

တရုတ်-မြန်မာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုမှာ အလွန်နက်ရှိုင်းလှပါကြောင်း၊ အဆွေတော်အနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သုံးကြိမ်မြောက်လာရောက်ခဲ့သည့်အတွက် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုကို တွန်းအားပေးမြှင့်တင်သည့် ဆောင်ရွက်ချက်များဖြစ်ပါကြောင်း။

တိုးတက်မှုကောင်းမွန်

မိမိတို့ ရှန်ရှီးပြည်နယ်မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏အနောက်အလယ်ပိုင်းတွင် တည်ရှိပြီး လူဦးရေ ၃၈သန်းကျော်ရှိပါကြောင်း၊ မိမိတို့ နိုင်ငံအတွင်း ရှန်ရှီးပြည်နယ်မှာ နာမည်ကြီးသည့် သမိုင်းကြောင်းများ ရှိပါကြောင်း၊ မင်မင်းဆက် ၁၃ဆက်နှင့် ချင်မင်းဆက်၊ ဟတ်မင်းဆက်၊ ထန်မင်းဆက်များ အုပ်စိုးခဲ့ပါကြောင်း၊ ပညာရေးကဏ္ဍနှင့် သိပ္ပံနှင့်နည်းပညာကဏ္ဍတိုးတက်မှုများ ကောင်းမွန်ပါကြောင်း။

မိမိတို့ပြည်နယ်တွင် လေယာဉ်ပျံထုတ်လုပ်သည့် စက်ရုံများ၊ လေကြောင်း အာကာသသုံး စက်ကိရိယာများလည်း ထုတ်လုပ်လျက်ရှိပါကြောင်း၊ သိပ္ပံနှင့် နည်းပညာကဏ္ဍတွင် ပေကျင်းနှင့် ရှန်ဟိုင်းပြီးလျှင် မိမိတို့ပြည်နယ်မှာ တတိယနေရာတွင်ရှိပါကြောင်း၊ ယာဉ်ကြီးယာဉ်ငယ်အမျိုးမျိုး၊ အကြီးစား ဂီယာဘောက်များ၊ တန်ချိန် ၅၀ကျော် ယာဉ်ကြီးများလည်းထုတ်လုပ်လျက်ရှိပါကြောင်း၊ ဤပြည်နယ်တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့၊ အရည်အသွေး ကောင်းမွန်သည့် ကျောက်မီးသွေး အပါအဝင် သတ္တုအထွက်လည်း ကောင်းမွန်သည့် ပြည်နယ်တစ်ခုဖြစ်ပါကြောင်း၊ မိမိတို့ပြည်နယ်ရှိ ကုမ္ပဏီများအနေဖြင့် ပြည်ပ နိုင်ငံများတွင်လည်း ရေနံနှင့် သတ္တုတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ပူးပေါင်းဆောင်ရွက်

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၏ အနောက်ပိုင်းဒေသများဖွံ့ဖြိုးရေးအတွက် (၁၀)နှစ်ကာလ သတ်မှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့ပြည်နယ်အနေဖြင့် အဆွေတော်တို့နှင့် အတူ ပညာရေးကဏ္ဍ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ စက်မှုကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိပါကြောင်းဖြင့် ပြည်နယ်၏ အခြေအနေများကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက ပြန်လည်ပြောကြားရာတွင် မိမိအနေဖြင့် ရှန်ရှီးပြည်နယ်သို့ ပထမဦးဆုံးအကြိမ် ရောက်ရှိခဲ့ခြင်းဖြစ်ပါကြောင်း၊ မိမိတို့ အဖွဲ့အား လှိုက်လှဲပျူငှာစွာ ကြိုဆိုခြင်းအတွက် ကျေးဇူးတင် ဝမ်းမြောက်ကြောင်းကို ဦးစွာ ပြောကြားလိုပါကြောင်း။

မွေးရပ်မြေ

မိမိအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတကြီးနှင့် တွေ့ဆုံစဉ်က သူ၏ဇာတိမှာ ရှန်ရှီးပြည်နယ်ဖြစ်ကြောင်းကို သိရှိရပါကြောင်း၊ ဒုတိယသမ္မတကြီး၏ မွေးရပ်မြေသို့ လာရောက်ရသည့်အတွက် ပိုမိုဝမ်းမြောက်မိပါကြောင်း။

မိမိအနေဖြင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လာရောက်သည့် ရည်ရွယ်ချက်မှာ မိမိတို့နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲ တိုးတက်စေရေးနှင့် နှစ်နိုင်ငံ စီးပွားရေးပူးပေါင်း ဆောင်ရွက်မှု တိုးမြှင့်ရေးတို့အတွက် ဖြစ်ပါကြောင်း။

ပိုမိုတိုးတက်

မိမိအနေဖြင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သုံးကြိမ် ရောက်ရှိခဲ့ပါကြောင်း၊ မိမိရောက်ရှိသည့် အကြိမ်တိုင်းမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် တစ်ကြိမ်ထက် တစ်ကြိမ် ပိုမိုတိုးတက်နေကြောင်း တွေ့ရှိရသည့်အတွက် အိမ်နီးချင်း မိတ်ဆွေတစ်ဦးအနေဖြင့် ဝမ်းမြောက် ဂုဏ်ယူရပါကြောင်း။

မိမိတို့ နှစ်နိုင်ငံမှာ မိုင် ၁၃၀၀ ကျော် နယ်နိမိတ်ချင်း ထိစပ်မှုရှိနေသည့် နိုင်ငံများဖြစ်ကြပြီး နှစ်နိုင်ငံအကြား ရှေးနှစ်ပေါင်းများစွာကပင် အစဉ်အဆက် ချစ်ခင်ရင်းနှီးမှု ရှိခဲ့ကြပါကြောင်း၊ ကွယ်လွန်သွားပြီဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ချူအင်လိုင်းမှာ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ် အကြိမ်ကြိမ် လာရောက်ခဲ့ပြီး မြန်မာသင်္ကြန်ကာလတွင် မြန်မာအမျိုးသားဝတ်စုံ ဝတ်စားဆင်ယင်၍ ရေသဘင်ပွဲ ဆင်နွှဲခဲ့ခြင်းဖြင့် မြန်မာနှင့် တရုတ် ဆွေမျိုးညီအစ်ကို ချစ်ခင်ရင်းနှီးမှုကို ဖော်ညွှန်းပြသခဲ့ပါကြောင်း၊ မြန်မာ-တရုတ် ခေါင်းဆောင်ကြီးများ အပြန်အလှန် ချစ်ကြည်ရေးခရီးစဉ်များ သွားရောက်ခဲ့ကြခြင်းဖြင့် နှစ်နိုင်ငံ ဆက်ဆံရေးကို အစဉ်တိုးတက်ခိုင်မာစေခဲ့ကြောင်း။

ယခု ခရီးစဉ်တွင် မိမိနှင့် အတူ ပုဂ္ဂလိက စီးပွားရေး လုပ်ငန်းရှင်များလည်း လိုက်ပါလာသည့်အတွက် နှစ်နိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်နိုင်မှု အလားအလာများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြီး စီးပွားရေး ပူးပေါင်းဆောင်ရွက်သွားနိုင်ရန် မျှော်လင့်ပါကြောင်း။

အဆွေတော်အနေဖြင့်လည်း သင့်တော်သည့်အချိန်တွင် မြန်မာနိုင်ငံသို့ လာရောက်ရန် ဖိတ်ကြားပါကြောင်းဖြင့် ပြောကြားသည်။

တည်ခင်းဧည့်ခံ

ယင်းနောက်ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း ဦးဆောင်သောချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များအား ရှန်ရှီးပြည်နယ် အုပ်ချုပ်ရေးမှူးက ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

အိုလံပစ်နေ့အထိမ်းအမှတ် ရေကူးပြိုင်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၁

၂၀၀၉ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် ရေကူးပြိုင်ပွဲကို ယမန်နေ့ နံနက်၈နာရီခွဲမှစ၍ ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်တွင် ကျင်းပသည်။

ပြိုင်ပွဲတွင် အသက်(၁၃)နှစ်အောက်နှင့် အသက်(၁၃)နှစ်အထက် မီတာ ၅၀-၁၀၀ ပက်လက်ကူး၊ အလွတ်ကူး၊ ရင်ပေါင်တန်းကူး၊ လိပ်ပြာကူး အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ စုစုပေါင်းပွဲစဉ် ၃၁ပွဲ ကျင်းပသည်။ ပြိုင်ပွဲများအပြီးတွင် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ ရန်ကုန်ရေကူးအသင်း ဥက္ကဋ္ဌ ဦးဇော်လင်းက အသက်(၁၃)နှစ်အထက် မီတာ ၁၀၀ ပက်လက်ကူး အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲနှင့်(၁၃)နှစ်အောက်မီတာ ၁၀၀ ပက်လက်ကူး အမျိုးသားပြိုင်ပွဲဆုရရှိသူများကိုလည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီက (၁၃)နှစ်အထက် မီတာ ၁၀၀ ရင်ပေါင်တန်းကူး အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲနှင့် (၁၃)နှစ်အောက် မီတာ ၁၀၀ ရင်ပေါင်တန်းကူး အမျိုးသားပြိုင်ပွဲ ဆုရရှိသူများကိုလည်းကောင်း၊ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ် နာယက ဒေါ်စိုးဝတ်ရည်က (၁၃)နှစ်အောက် မီတာ ၁၀၀ ရင်ပေါင်တန်းကူး အမျိုးသမီးပြိုင်ပွဲ၊ (၁၃)နှစ်အထက် မီတာ၁၀၀ လိပ်ပြာကူး အမျိုးသမီးပြိုင်ပွဲနှင့် (၁၃)နှစ်အောက် မီတာ ၁၀၀အမျိုးသား လိပ်ပြာကူးပြိုင်ပွဲ ဆုရရှိသူများကိုလည်းကောင်း အောင်နိုင်ဆုများ ပေးအပ်ချီးမြှင့်သည်။

ချီးမြှင့်

ယင်းနောက် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်တာဝန်ခံ နာယက ဒေါ်မူမူဝင်းက (၁၃)နှစ်အောက် မီတာ ၁၀၀လိပ်ပြာကူး အမျိုးသမီးပြိုင်ပွဲ၊ (၁၃)နှစ်အထက် မီတာ ၁၀၀ လိပ်ပြာကူး အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲ ဆုရရှိသူများကိုလည်းကောင်း မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် ဥက္ကဋ္ဌဒေါက်တာခင်ရွှေက (၁၃)နှစ် အာက် မီတာ ၁၀၀ အမျိုးသား အလွတ်ကူးပြိုင်ပွဲ၊ အမျိုးသမီးအလွတ်ကူးပြိုင်ပွဲနှင့် (၁၃)နှစ်အထက် မီတာ ၅၀ပက်လက်ကူး အမျိုးသားပြိုင်ပွဲ ဆုရရှိသူများကိုလည်းကောင်း၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က (၁၃)နှစ်အထက် မီတာ ၅၀ အမျိုးသမီး ပက်လက်ကူး ပြိုင်ပွဲ၊ (၁၃)နှစ်အောက် မီတာ၅၀ ပက်လက်ကူး အမျိုးသားပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲ ဆုရရှိသူများကိုလည်းကောင်း အောင်နိုင်ဆုများ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် ကျန်ပွဲစဉ်များတွင် ဆုရရှိသော အားကစားသမားများအား မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးချိုမောင်၊ အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး(လက်ထောက်ညွှန်ကြားရေးမှူး၊ အား/ကာ)နှင့် အမှုဆောင်များက ပေးအပ်ချီးမြှင့်ကြသည်။

(မြန်မာ့အလင်း)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် အိုလံပစ်နေ့အထိမ်းအမှတ် ရေကူးပြိုင်ပွဲ၌ ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှီအန်းမြို့ Fa Men Si ဘုရားကျောင်းဝင်းအတွင်း ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

❒ *ကျောဖုံးမှ*

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ယဲ့တာပိုနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၁၇ရက် နံနက်ပိုင်းတွင် ခေတ္တတည်းခိုသည့် ကျောက်ယုထိုင် နိုင်ငံတော်ဧည့်ဂေဟာမှ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ ပေကျင်းမြို့ရှိ China Science and Technology Museum သို့ နံနက် ၉နာရီ ၁၅မိနစ်တွင် ရောက်ရှိကြသည်။

ကြိုဆို

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များအား China Science and Technology Museum ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Zhao Youli နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များအား တရုတ် သိပ္ပံနှင့် နည်းပညာဗဟိုပြတိုက် ဒုတိယညွှန်ကြားရေးမှူးချုပ်က တရုတ်သိပ္ပံနှင့် နည်းပညာဗဟိုပြတိုက် သမိုင်း အကျဉ်းချုပ်ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းပြသ

ဆက်လက်၍ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များသည် တရုတ်သိပ္ပံနှင့်နည်းပညာ ဗဟိုပြတိုက်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

အဆိုပါ ပြတိုက်သည် တရုတ်နိုင်ငံသားများ သိပ္ပံနှင့်နည်းပညာ ဗဟုသုတ ကြွယ်ဝစေရန်နှင့် ဆက်လက်တိုးတက်စေရန် တရုတ်လူမျိုးများ၏ တီထွင်မှုသမိုင်းကြောင်း အဆင့်ဆင့်ကို အထူးပြုပြသသော ပြတိုက်ဖြစ်သည်။ ရှေးအစဉ်အဆက်ဆက်က တရုတ်နည်းပညာအဆင့်အတန်း မြင့်မားခဲ့ပုံများ၊ တရုတ်တို့၏ စက္ကူကို စတင်တီထွင်မှု၊ ပုံနှိပ်ခြင်းကို စတင်တီထွင်မှု၊ သင်္ချာနှင့် နက္ခတ်ပညာ၊ စာပေရေးသားခြင်း၊ အပ်ချုပ်ပန်းထိုးခြင်း၊ အဝတ်အထည်ရက်လုပ်ခြင်း၊ ပန်းချီဆွဲခြင်း၊ အိုးဖုတ်ခြင်း၊ အဆောက်အအုံဆောက်လုပ်ခြင်း၊ သိပ္ပံနှင့် ဆက်စပ်သည့် သီအိုရီများနှင့် သရုပ်ပြသပုံများ၊ တရုတ်တို့၏ တီထွင်မှုများ၊ ခေတ်မီ ဆက်သွယ်ရေး နည်းပညာနှင့် ကွန်ပျူတာ၊ မိုက်ကရိုချစ်များ၊ လျှပ်စစ်သံလိုက်သုံး အမြန်ရထားစသည့် ပြကွက်များကို စုံစုံလင်လင် ပြသထားသည်။

ဆက်လက်ထွက်ခွာ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ပေကျင်းမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြပြီး မွန်းလွဲ ၂နာရီတွင် တရုတ်လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာလာခဲ့ကြရာ ရှီအန်းမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ညနေ ၄နာရီတွင် ရောက်ရှိကြသည်။

ယင်းနောက်ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် ရှီအန်းလေဆိပ်မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ ရှီအန်းမြို့ရှိ ချင်ရှီဟွမ် ရှင်ဘုရင်စစ်သည်တော် မြင်းရုပ်တုပြတိုက်သို့ ညနေ ၅နာရီတွင် ရောက်ရှိကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် ချင်ရှီဟွမ် ရှင်ဘုရင်စစ်သည်တော် မြင်းရုပ်တု ပြတိုက်အတွင်း လှည့်လည်ကြည့်ရှု လေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

တရုတ်နိုင်ငံ အလယ်ပိုင်း ရှန်ရှီးပြည်နယ် ရှီအန်းမြို့သည် လူနှင့်မခြား ထုလုပ်ပုံသွင်းထားသည့် ရှေးဟောင်းမြေသား စစ်သည်တော်ရုပ်များကြောင့် ကမ္ဘာတွင်ကျော်ကြားသည်။ အဆိုပါ စစ်သည်တော်ရုပ်တုများသည်ဘီစီ၂၁၀ ပြည့်နှစ်က သေဆုံးသွားသော ဘုရင်ကြီး ချင်ရှီဟွမ်၏ သင်္ချိုင်းမြေကို စောင့်ရှောက်ရန်အတွက် ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ စတုရန်းမီတာ နှစ်ထောင်ခန့် အကျယ်အဝန်းရှိသော သင်္ချိုင်းမြေတွင် ကျင်းသုံးခုရှိပြီး အားလုံးကို တူးဖော်နိုင်ခြင်း မရှိသေးကြောင်း သိရသည်။

စတင်တွေ့ရှိ

သာမန်စစ်သည်တော်ရုပ်၊ လေးသည်တော်ရုပ်၊ အရာရှိ စစ်သည်ရုပ်စသည်ဖြင့် စုစုပေါင်း ရုပ်တု ၈၀၀၀ ခန့်၊ မြင်းရထား ၁၃၀ နှင့် မြင်းရုပ် ၅၂၀ခန့်ရှိနိုင်သည်ဟု ခန့်မှန်းထားပြီး ၁၉၇၄ ခုနှစ်က စတင် တွေ့ရှိခဲ့ကာ တဖြည်းဖြည်း တူးဖော်လေ့လာပြီး ထိန်းသိမ်းရေး လုပ်ငန်းကိုလည်း ဆောင်ရွက်နေကြောင်း သိရသည်။

ရှန်ရှီးပြည်နယ် ရှီအန်းမြို့၌ ရောက်ရှိနေသည့်ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များသည် ဇွန် ၁၈ရက် နံနက်၁၀နာရီ မိနစ်၂၀တွင် ရှီအန်းမြို့မှ ကီလိုမီတာ ၁၄၀ခန့် ကွာဝေးသည့် Fa Men Si ဘုရားကျောင်းသို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြရာ ဘုရားကျောင်းမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ကြည့်ရှုလေ့လာ

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များသည် Fa Men Si ဘုရားကျောင်းဝင်းအတွင်းရှိ ဗုဒ္ဓမြတ်စွာ၏ လက်ညှိုးတော် တူးဖော်တွေ့ရှိသည့် ရှေးဟောင်းစေတီတော် မြေအောက်နေရာကို ကြည့်ရှုလေ့လာကြသည်။

ဖူးမြော်ကြည်ညို

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် Fa Men Si ဘုရားကျောင်းဝင်းရှိ ရှေးဟောင်းစေတီတော်နှင့် ဗုဒ္ဓရုပ်ပွားတော်တို့အား ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက်ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးအား ဘုရားကျောင်း ဆရာတော်က ဓမ္မလက်ဆောင် ပစ္စည်းများ ပေးအပ်ချီးမြှင့်သည်။

သမိုင်းအထောက်အထား

Fa Men Si ဘုရားကျောင်းဝင်းရှိ စေတီတော်မှာ နှစ်ပေါင်း ၁၀၀၀ ကျော် သက်တမ်းရှိသည့် စေတီတော်ဖြစ်ကြောင်း သိရသည်။ အဆိုပါ စေတီတော်ကို ပြုပြင် မွမ်းမံရာ၌ ဗုဒ္ဓမြတ်စွာ၏ လက်ညှိုးတော်ကို တူးဖော်တွေ့ရှိရကြောင်းနှင့် လက်ညှိုးတော်နှင့် စပ်လျဉ်းသည့် သမိုင်းအထောက်အထား ကျောက်စာများကိုလည်း တွေ့ရှိရကြောင်း သိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များသည် ဘုရားကျောင်းဝင်းအတွင်းရှိ ပြတိုက်သို့ သွားရောက်ကြပြီး လက်ညှိုးတော်နှင့်အတူ တူးဖော်ရရှိခဲ့သည့် ကျောက်စာများ၊ Tang မင်းဆက်ဘုရင်များ လှူဒါန်းခဲ့သည့် ရွှေရည်များကို ကြည့်ရှုလေ့လာကြသည်။

ဖူးမြော်ကြည်ညို

ယင်းနောက်ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဗုဒ္ဓမြတ်စွာ၏ လက်ညှိုးတော်ကို ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် လက်ညှိုးတော်ဘုရားနှင့် စပ်လျဉ်း၍ ထိန်းသိမ်းပြသထားသည့် မှတ်တမ်းများ၊ Tang မင်းဆက်ဘုရင်များ၏အသုံးအဆောင်ပစ္စည်းများ၊ ရှေးဟောင်း ဖန်ထည်၊ သံထည်၊ ကြွေထည် ပစ္စည်းများကို လှည့်လည်ကြည့်ရှု လေ့လာကြသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း မကွေးတိုင်း ဂန့်ဂေါခရိုင် ဆောမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဇွန် ၂၁

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဇွန်၁၇ရက် မွန်းလွဲ၁နာရီတွင် မကွေးတိုင်း ဂန့်ဂေါခရိုင် ဆောမြို့နယ် သီးကုန်းကျေးရွာ၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆွေးနွေးညှိနှိုင်းဆောင်ရွက်ပေးသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ သီးကုန်း၊ တောင်ဘို့ကြီး၊ လောင်းရှည်၊ လှော်ကား၊ ရင့်ရဲချောင်း၊ ရင်းကဲ၊ ပုပ္ပကိုင်း၊ ဆီမီး၊ လယ်ဖြူ၊ ကျောက်ဆွဲ၊ ကြခတ်၊ ခင်ပြင်၊ အင်ဘူးစသည့် ကျေးရွာ ၁၃ရွာတို့မှ ဒေသခံပြည်သူ ၂၃၀၀ကျော်တို့ တက်ရောက်ကြသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

တွေ့ဆုံပွဲ၌ ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဝန်ကြီးက သီးကုန်းကျေးရွာစာကြည့်တိုက် အဆောက်အအုံဆောက်လုပ်ရန်၊ ကြခတ်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းဆောင်ပြုပြင်ရန်၊ တောင်ဘို့ကြီး ကျေးရွာ အခြေခံပညာမူလတန်းကျောင်းဆောင်၊ ကျေးရွာဆေးခန်း အဆောက်အအုံတို့ ပြင်ဆင်ရန်နှင့် ကျေးရွာစာကြည့်တိုက် ရုပ်မြင်သံကြားစက်ဝယ်ရန်တို့အတွက် အလှူငွေများကိုလည်းကောင်း၊ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များ၊ ဒေသခံပြည်သူများအတွက် အဝတ်အထည်များကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးမှ စာကြည့်တိုက်များအတွက် လှူဒါန်းသော စာအုပ်၊ စာစောင်များကို အဖွဲ့ချုပ်ကိုယ်စား ဒေါ်မြင့်သန်းက ပေးအပ်လှူဒါန်းသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဝန်ကြီးသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၀၉ခုနှစ် တတိယပတ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇွန် ၂၁

ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၀၉ ခုနှစ် တတိယပတ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်၇နာရီခွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး၊ နေပြည်တော် တပ်ကုန်းရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ နေပြည်တော်သတင်းစာတိုက်၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း နေပြည်တော် ပုံနှိပ်စက်ရုံနှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတို့၌ ကျင်းပရာ ဝန်ထမ်းများ စုပေါင်း၍ သစ်ပင်များကို တပျော်တပါး စိုက်ပျိုးကြသည်။ **(အောက်ပုံ)**

စိုက်ပျိုး

ယနေ့ကျင်းပသည့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ဆီသပြေ၊ တမာ၊ မဲဇလီ၊ ပိတောက်စသည့်အပင်များကို ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ အပင်ပေါင်း ၃၀၀၊ နေပြည်တော် တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ အပင်ပေါင်း ၅၀၀၊ နေပြည်တော်သတင်းစာတိုက်၌ အပင်ပေါင်း ၃၅၀၊ နေပြည်တော်ပုံနှိပ်စက်ရုံ၌ အပင်ပေါင်း ၃၀၀ စုစုပေါင်း အပင်၁၄၅၀ စိုက်ပျိုးခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

နိုင်ငံတကာသတင်းဂျာနယ် အမှတ်(၇၁၀)ဖြန့်ချိ

ရန်ကုန် ဇွန် ၂၁

အသွင်သဏ္ဌာန်နှင့် အနှစ်သာရရှိရှိ နိုင်ငံတကာသတင်းဂျာနယ် အမှတ်(၇၁၀)ကို ယနေ့မြန်မာတစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်သည်။

ဝေဝေဆာဆာဖော်ပြထား

နိုင်ငံတကာသတင်းဂျာနယ်တွင် မောင်စကြဝဠာ၏ အီရတ်မှအမေရိကန်တပ်ဖွဲ့ ရုပ်သိမ်းသည့်တိုင်အောင်၊ ရဲရင့်ဇော်၏ နိုင်ငံခြားသားများ၏ကလောင်ဖြင့် အီရန်နိုင်ငံ၏ သမိုင်းကို ရေးပိုင်ခွင့်မရှိ၊ တေဇာလှိုင်၏ ကိုလိုနီနယ်ချဲ့ရဲ့ ဝန်ထုပ်ဝန်ပိုးများ၊ သုခဇော်၏ ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်တွင် နောက်ထပ်တက်လာမည့် ပါဝါသစ်၊ စကားဝါ၏ ဒုံးကျည်ကာကွယ်ရေးစနစ်များ ဖြန့်ကြက်၊ မောင်ပုဆိုးကြမ်း၏ စီးပွားရေးတိုးတက်လာသော အင်ဒိုနီးရှား၊ ကိုရင်ဩ၏ ကျူးဘားနှင့် ရွှေတံခါးဖွင့်လိုသူများ၊ စောချစ်အေး၏ အရင်တုန်းက အမေရိကမဟုတ်ဘူး၊ မောင်မောင်အေး၏ အကြမ်းဖက်သမားကို အနုနည်းဖြင့် စစ်ဆေးအနိုင်ယူ၊ ကိုကိုလှိုင်၏ ထိုင်း-ကမ္ဘောဒီးယားပြဿနာ၊ မျိုးသန့်၏ ခရီးပေါက်သော အင်္ဂလိပ်ဝေါဟာရများ၊ မောင်ဆုရှင်၏ လူ့ပတ်ဝန်းကျင်ဆိုင်ရာမှတ်စုများ၊ ကျော်မင်းလူ(ရွှေပြည်သာ)၏ နီးလျက်နဲ့မဝေးစေချင်၊ မောင်ဇော်၏ စီအိုင်အေ၏ နှိပ်စက်ညှဉ်းပန်းစစ်ကြောမှုများက၊ ပိုးလမ်းမကြီးပေါ်မှ ဗုဒ္ဓယဉ်ကျေးမှု၊ ပန်ကန်းပြားပုံအစ ရာမမဟာနိုင်ငံတော်ကစသည့် သတင်းသုံးသပ်ချက်ဆောင်းပါးများ၊ နောက်ဆုံးရ နိုင်ငံတကာသတင်းများ၊ အားကစား၊ ကျန်းမာရေး၊ ဖျော်ဖြေရေးသတင်းများသာမက ဟာသနှင့် ကာတွန်းများ အပါအဝင် ဝေဝေဆာဆာဖော်ပြထားသည်။ **(သတင်းစဉ်)**

မုတ်သုံလေ အားကောင်းမည်

ရန်ကုန် ဇွန် ၂၁

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကွက်ကျား၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်တွင် ဒေသအလိုက်နှင့် ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ခန္တီးမြို့တွင် ၅ဒသမ ၇၅လက်မ၊ သိမ်ဖြူမြို့တွင် ၅ဒသမ ၂၈လက်မ၊ ဘီးလင်းမြို့တွင် ၄ဒသမ ၀၉လက်မ၊ သထုံမြို့တွင် ၃ဒသမ ၈၉လက်မ၊ မချမ်းဘောမြို့တွင် ၃ဒသမ ၆၆လက်မ၊ ဂွမြို့တွင် ၃ဒသမ ၅၈လက်မ၊ ထားဝယ်မြို့တွင် ၃ဒသမ ၃၉လက်မ၊ ကျိုက္ကမီမြို့တွင် ၃ဒသမ ၀၃လက်မ၊ ပေါင်မြို့တွင် ၂ဒသမ ၉၅လက်မ၊ ချောင်းဆုံမြို့တွင် ၂ဒသမ ၈၄ လက်မနှင့် မော်လမြိုင်မြို့တွင် ၂ဒသမ ၄၈လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။

ဇွန်၂၂ရက် ညနေအထိ ခန့်မှန်းချက်မှာ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန် ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀အထိတိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားကောင်းနေမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

အမျိုးသမီးများထက် အမျိုးသားများ ကင်ဆာဖြစ်ပွားမှုပိုများ

အမျိုးသမီးများထက် အမျိုးသားသည် ကင်ဆာရောဂါဖြစ်ပွားနိုင်မှု အခွင့်အလမ်းများကြောင်း ဗြိတိသျှဆေးသိပ္ပံ ပညာရှင်များက ပြောကြားသည်။

ဖြစ်ပွား

အမျိုးသားများတွင် အဖြစ်များသော ကင်ဆာမှာ လည်ချောင်း၊ အဆုတ်နှင့် အသည်းကင်ဆာတို့အပြင် ဆီးကျိတ် ကင်ဆာလည်း ဖြစ်ပွားမှုများကြောင်း ၎င်းတို့၏ သုတေသနပြုချက်၌ ဖော်ပြထားသည်။

အလေ့အကျင့်

အမျိုးသမီးများထက် အမျိုးသားများသည် ဆေးလိပ်၊ အရက်နှင့် အလုပ်တာဝန်များကြောင့် ကင်ဆာရောဂါများ ပို၍ အဖြစ်များကြောင်း၊ ဆေးလိပ်နှင့် အရက်ကြောင့် လည်ချောင်း၊ အဆုတ်နှင့်အသည်းကင်ဆာများ ဖြစ်ပွားမှုများပြီး အလုပ်တာဝန်များပြားမှုကြောင့် ဆီးသွားမှုပုံမှန်မပြုလုပ်သဖြင့် ဆီးကျိတ်ကင်ဆာဖြစ်ပွားရန် ရာနှုန်းများခြင်းဖြစ်သည်ဟုလည်း သုတေသနပြုချက်၌ ဆက်လက်ဖော်ပြထားသည်။

တွေ့ရှိ

အမျိုးသမီးဦးရေ ၁၀၀၀နှင့် အမျိုးသားဦးရေ ၁၀၀၀တို့ကို ငါးနှစ်ကြာ သုတေသနပြုခဲ့ရာ အမျိုးသားများ ကင်ဆာဖြစ်ပွားမှုနှုန်းမှာ ၆၀ရာခိုင်နှုန်းခန့်ရှိကြောင်း တွေ့ရှိရသည်ဟု ဗြိတိသျှဆေးသိပ္ပံပညာရှင်များက ပြောကြားသည်။ ။

ဗိုလ်လုပွဲတက်ရန် အခြေအနေကောင်းသွားတဲ့ ရန်ကုန်ယူနိုက်တက် F.C

သတင်းမြင်ကွင်း-ဖိုးသော်ဇင် ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဖြိုး (မြန်မာ့အလင်း)

MNL CUP GRAND ROYAL 2009

ရန်ကုန် ဇွန် ၂၁

MNL Cup Grand Royal 2009 ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၀) အဖြစ် ရှမ်းပြည်နယ် ကိုယ်စားပြု ကမ္ဘောဇ F.C နှင့် ရန်ကုန်တိုင်း ကိုယ်စားပြု ရန်ကုန်ယူနိုက်တက်F.Cတို့သည် ယနေ့ ညနေ ၄နာရီက သုဝဏ္ဏကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက် F.C က နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိသွားပါတယ်။

ရန်ကုန်ယူနိုက်တက် F.C - နှစ်ဂိုး
ကမ္ဘောဇ F.C - တစ်ဂိုး

MNL Cup ပြိုင်ပွဲရဲ့ ဗိုလ်လုပွဲ တက်ရောက်ရေး အဆုံးအဖြတ်ကာလ ဖြစ်သလို ဗိုလ်လုပွဲ တက်ရောက်ခွင့် ရရှိရန် မျှော်လင့်နိုင်တဲ့ အသင်းနှစ်သင်း တွေ့ဆုံကြတဲ့ပွဲ ဖြစ်တာကြောင့် ပြိုင်ဆိုင်မှု ပြင်းထန်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ သုံးပွဲမှာ အကောင်းဆုံးပုံစံ ထုတ်မပြနိုင်ခဲ့ပေမယ့် AFC President's Cup ပြိုင်ပွဲမှာ အကောင်းဆုံး ပုံစံရလာတဲ့ ကမ္ဘောဇ အသင်းရဲ့ ကစားပုံကြောင့် ရန်ကုန် ယူနိုက်တက် F.C အနိုင်ရဖို့ ရုန်းကန်ခဲ့ရတယ်ဆိုတာ မမှားပါဘူး။

ဒုတိယနေရာ

ရန်ကုန်ယူနိုက်တက် F.C အသင်းဟာ မိနစ် ၈၀ကျော်မှာ ရရှိတဲ့ အနိုင်ဂိုးကြောင့် သုံးမှတ်အပြည့် ရယူသွားနိုင်ပြီး ဗိုလ်လုပွဲတက်ရောက်နိုင်ဖို့ အခြေအနေကောင်းတွေ ပိုင်ဆိုင်သွားခဲ့ပါတယ်။ ရန်ကုန်ယူနိုက်တက်အသင်းဟာ အခုပွဲ အနိုင်ရခဲ့တာကြောင့် ထိပ်ဆုံးက ဦးဆောင်နေတဲ့ မကွေး F.C နဲ့ ၁၃မှတ်စီ တူသွားပြီး ဂိုးကွာခြားချက်နဲ့ ဒုတိယနေရာအထိ တက်လှမ်း လာနိုင်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ ရတနာပုံနဲ့ပွဲမှာ အနိုင်နဲ့ ဦးဆောင်နိုင်ခဲ့ပေမယ့် ပွဲပြီးခါနီးမှာ ပေးလိုက်ရတဲ့ချေပဂိုးကြောင့် သရေတစ်မှတ်နဲ့ ကျေနပ်ခဲ့ရတဲ့ ရန်ကုန်ယူနိုက်တက်အသင်းဟာ အခုပွဲကို အမှားမခံခဲ့ပါဘူး။

ရတနာပုံနဲ့ ပွဲထွက်လူစာရင်းကို အပြောင်းအလဲမလုပ်ဘဲ ကစားခဲ့တဲ့ ရန်ကုန်ယူနိုက်တက်အသင်းဟာ ပွဲစ ကတည်းက ကမ္ဘောဇဘက်ကို ဖိအားပေး နိုင်ခဲ့ပါတယ်။ ရန်ကုန်ယူနိုက် ကစားပုံဟာ ရတနာပုံနဲ့ ပွဲတုန်းကလို သွက်လက် မြိုင်ဆိုင်ခဲ့တာကြောင့် ကိုးမိနစ်မှာပဲ ဂိုးစရခဲ့ပါတယ်။ အန်ဂျွန်ရဲ့ ပြစ်ဒဏ်ဘောကတစ်ဆင့် မစ်ဆီပိုက လှလှပပ ကန်သွင်းယူခဲ့တာ ဖြစ်ပါတယ်။ ဂိုးရပြီး နောက်ပိုင်းမှတော့ ရန်ကုန်ယူနိုက်တက်ရဲ့ ကစားပုံဟာ ပွဲအစလို မသွက်လက်တော့ဘဲ ကမ္ဘောဇရဲ့ ဖိအားပေးခြင်းကို ခံခဲ့ရပါတယ်။ အလယ်တန်း တောင်ပံက ခင်မောင်လွင်နဲ့ မင်းမင်းထွန်းတို့ရဲ့ ဖြတ်တင်ဘောတွေ ထိရောက်ခဲ့သလို ရှေ့တန်းက စိုးမင်းဦးနဲ့ ဝင်းမင်းထွဋ်အတွဲကလည်း ရန်ကုန်ယူနိုက်တက် ဂိုးပေါက်ကို ခြိမ်းခြောက်နိုင်ခဲ့ပါတယ်။ ၁၅မိနစ်နဲ့ ၂၅မိနစ်မှာ စိုးမင်းဦးရဲ့ ဂိုးသွင်းမှုတွေ ဂိုးမဖြစ်ခဲ့သလို ခင်မောင်လွင် အနီးကပ် ပိတ်ခွင့်ရပေမယ့်လည်း ဘေးထွက်ခဲ့တာကြောင့် ပထမပိုင်းမှာတော့ ကမ္ဘောဇတို့ ချေပဂိုးမရခဲ့ပါဘူး။

မျှော်လင့်ချက်နည်း

ဒုတိယပိုင်း ပြန်အစမှာတော့ ကမ္ဘောဇအသင်းဟာ တိုက်စစ်အား မြှင့်တင်တဲ့အနေနဲ့ နေဝင်းအောင်ကို ထုတ်ပြီး ထက်အောင်ကို ထည့်ကစားခဲ့ပါတယ်။ ကမ္ဘောဇအသင်းရဲ့ လူစားလဲမှုဟာ မှန်ကန်ခဲ့ပြီး တိုက်စစ်အား ပိုကောင်းလာကာ ရန်ကုန်ဘက်ကို တရစပ် ဖိကစားလာနိုင်ပါတယ်။ ၅၂မိနစ်မှာတော့ ကမ္ဘောဇတို့ ချေပဂိုး ပြန်ရသွားပြီး ထောင့်ကန်ဘောက လျှံထွက်လာတာကို ကွင်းလယ် ကစားသမား အောင်ကျော်ဦးက ခေါင်းတိုက်သွင်းယူခဲ့တာဖြစ်ပါတယ်။ ဗိုလ်လုပွဲ တက်ရောက်နိုင်ဖို့အတွက် အခုပွဲကို မဖြစ်မနေ အနိုင်ကစားရမယ့် ရန်ကုန် ယူနိုက်တက်အသင်းဟာ အနိုင်ဂိုးရဖို့ ကျော်သူရနဲ့ စိုးလင်းထွန်းတို့ကို ထည့်ပြီး ကစားအား ပြန်တင်ခဲ့ပါတယ်။ မိနစ်၇၀ နောက်ပိုင်းမှာ ရန်ကုန်ယူနိုက်တက် ကစားကွက် ပြန်မိလာပြီး ကမ္ဘောဇဘက်ကို ပြန်ဖိလာနိုင်ပါတယ်။ မိုးထဲ ရေထဲမှာ တစ်ခဲနက် အားပေးနေတဲ့ အိမ်ရှင်ပရိသတ်တွေကြောင့် ရန်ကုန်ယူနိုက်တက်အသင်း စိတ်ဓာတ်ပိုတက်ပြီး အနိုင်ဂိုး ရခဲ့တာ ဖြစ်ပါတယ်။ ရန်ကုန်ယူနိုက်တက်ရဲ့ ဗိုလ်လုပွဲတက်ရေး မျှော်လင့်ချက်တွေကို ပိုမိုခိုင်မာစေခဲ့တာကတော့ တိုက်စစ်မှူး ကျော်သူရဖြစ်ပြီး ၈၁မိနစ်မှာ အနိုင်ဂိုးကို သွင်းယူခဲ့တာ ဖြစ်ပါတယ်။ ရန်ကုန်ယူနိုက်တက်အသင်းဟာ ဗိုလ်လုပွဲ တက်နိုင်ဖို့ Delta United နဲ့ပွဲကို အနိုင်ကစားရဦးမှာဖြစ်ပြီး ကမ္ဘောဇကတော့ သုံးပွဲ ကစားဖို့ ကျန်သေးပေမယ့် ဗိုလ်လုပွဲ တက်ဖို့ မျှော်လင့်ချက် နည်းသွားပြီဖြစ်ပါတယ်။

ပွဲအပြီးမှာ အကောင်းဆုံးဆုရ ဌေးအောင် (ရန်ကုန်ယူနိုက်တက်) ကို Grand Royal က ကျပ်ငါးသိန်း၊ အနိုင်ရရှိသွားတဲ့ ရန်ကုန်ယူနိုက်တက်အသင်းကို ကမ္ဘောဇဘဏ်က ကျပ် ၁၀သိန်း ချီးမြှင့်ခဲ့ပါတယ်။

ကမ္ဘောဇနည်းပြချုပ် ဦးအေးမောင်ကြီးက **'ကျွန်တော်တို့အသင်း အရေးနိမ့်ခဲ့တာဟာ ခံစစ်ပိုင်းကြောင့် မဟုတ်ပါဘူး။ တစ်ဖက်အသင်းက ကောင်းလို့ပါ။ ကျွန်တော့်ကစားသမားတွေ ခရီးဝေးက ပြန်လာရလို့ ခရီးပန်းနေပါတယ်။ စိုးမြတ်မင်း၊ တင့်နိုင်ထွန်းသိန်းနဲ့ နေဇော်ထက်တို့ ဒဏ်ရာကြောင့် မကစားနိုင်သလို စထက်နိုင်ဝင်းကလည်း ဖျားနေပါတယ်။ ဝင်းမင်းထွဋ်၊ ခင်မောင်လွင်နဲ့ မိုးဝင်းတို့ကလည်း ဒဏ်ရာရှိလျက်နဲ့ ကစားခဲ့တာပါ။ နှစ်သင်းစလုံး အခွင့်အရေးတွေ ရခဲ့ပေမယ့် အသုံးချနိုင်တဲ့အသင်း အနိုင်ရခဲ့တာပါ'** လို့ ပြောကြားခဲ့ပါတယ်။

ရန်ကုန်ယူနိုက်တက်နည်းပြချုပ် ဦးမျိုးလှိုင်ဝင်းက **'အခုပွဲဟာ ရတနာပုံနဲ့ ပွဲတုန်းကလိုပဲ ပြိုင်ဆိုင်မှုပြင်းထန်ခဲ့ပါတယ်။ ကျွန်တော်တို့က အနိုင်ရမှုဖြစ်တာကြောင့် တိုက်စစ်အသားပေး ကစားခဲ့ပါတယ်။ ကစားသမားတွေ နိုင်ရမယ်ဆိုတဲ့ စိတ်ဓာတ်အပြင် ဂိုးလိုချင်ခဲ့ပြီးကစားခဲ့လို့ အနိုင်ရခဲ့တာပါ။ အခုပွဲမှာ အနိုင်ရခဲ့တဲ့ နောက်တစ်ချက်ကတော့ အသင်းပိုင်ရှင်ဟာ ကစားသမားတွေကို အားပေးစကားပြောကြားပြီး စိတ်ဓာတ်တင်ခဲ့ပေးလို့ပါ။ ဗိုလ်လုပွဲရောက်အောင်ကြိုးစားသွားမှာပါ'** လို့ ပြောကြားခဲ့ပါတယ်။

၂၃-၆-၂၀၀၉

(သုဝဏ္ဏကွင်း)

Delta United F.C -ဇေယျာရွှေမြေ။

(မြန်မာ့အလင်း)

ကမ္ဘောဇ F.C အသင်းကို အနိုင်ရရှိသွားသည့် ရန်ကုန်ယူနိုက်တက် F.C အသင်း ဆုယူအပြီးတွေ့ရစဉ်။ (မြန်မာ့အလင်း)

ကမ္ဘောဇ F.C အသင်းဘက်သို့ ရန်ကုန်ယူနိုက်တက် F.C အသင်းမှ ကျော်သူရ ဒုတိယဂိုးကို ဤသို့ ကန်သွင်းယူခဲ့သည်။ (မြန်မာ့အလင်း)

စစ်ကိုင်းတိုင်း၊ ရန်ကုန်တိုင်း၊ မန္တလေးတိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့၌

မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၂၁

စစ်ကိုင်းတိုင်း ဗန်းမောက်မြို့နယ်ရဲစခန်းမှ တာဝန်ရှိသူများသည် ဇွန် ၁၁ရက် နံနက် ၀၀နာရီ မိနစ်၂၀ခန့်တွင် ဗန်းမောက်မြို့နယ် ခတ်တောကျေးရွာလမ်းမပေါ်၌ မသင်္ကာဖွယ်တွေ့ရှိသူ သန်းထွန်းမြင့်နှင့် ကျော်သန်းတို့အား စစ်ဆေးရှာဖွေရာ ကျော်သန်း၏ မိုးကာအတွင်းမှ ဘိန်းမည်းခြောက်ထုပ်နှင့် သန်းထွန်းမြင့်၏ ပလတ်စတစ်ဆွဲခြင်းအတွင်းမှ ဘိန်းမည်းငါးထုပ် စုစုပေါင်းအလေးချိန် ၁၄ဒသမ ၂၉၂ကီလိုကို သိမ်းဆည်းရမိခဲ့ကြောင်း၊ တရားခံ သန်းထွန်းမြင့်နှင့် ကျော်သန်းတို့အား ဖမ်းဆီးစစ်ဆေးလျက်ရှိပြီး ကွင်းဆက် တရားခံများ ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်တိုင်း

ထို့အပြင် ရန်ကုန်တိုင်း ရန်ကုန် မူးယစ်(အနောက်)မှ တာဝန်ရှိသူများသည် ဇွန်၁၃ရက် ညနေ ၃နာရီခန့်တွင် မြောက်ဥက္ကလာပမြို့နယ် (၂)ရပ်ကွက် သုမင်္ဂလာလမ်းရှိ နဒီအအေးဆိုင်၌ သတင်းအရ စောင့်ဆိုင်းနေစဉ် ရောက်ရှိလာသော ညွှန့်ဝင်းနှင့် အောင်နိုင်ဝင်းတို့အား ရှာဖွေရာ အောင်နိုင်ဝင်း လွယ်ထားသော ဘေးလွယ်အိတ်အတွင်းမှ ကြွပ်ကြွပ်အိတ်အမည်းဖြင့် ထည့်ထားသည့် ဆေးခြောက် ၈၃၂ ဂရမ်ကို သိမ်းဆည်းရမိခဲ့ကြောင်း၊ ၎င်းတို့အား စစ်ကြောချက်အရ အောင်နိုင်ဝင်းနှင့်အတူ နေထိုင်သည့် တင်စောမင်း ဌားရမ်းနေထိုင်သော ရွှေပြည်သာမြို့နယ်(တ) ၁၅ရပ်ကွက် ပန်းခြံ(၃၄)၌ ဆေးခြောက်များရှိသေးကြောင်းသိရ၍ ယင်းနေအိမ်ကို ဆက်လက်ရှာဖွေရာ တင်စောမင်း၏ အိပ်ရာခေါင်းရင်းရှိ ခရီးဆောင်အိတ်အတွင်းမှ ဆေးခြောက် ၂ဒသမ၂၈ကီလိုကို ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း၊တရားခံအောင်နိုင်ဝင်း၊ ညွှန့်ဝင်းနှင့် တင်စောမင်းတို့အား ဖမ်းဆီးစစ်ဆေးလျက်ရှိပြီး ကွင်းဆက်တရားခံများ ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။

မန္တလေးတိုင်း

မန္တလေးတိုင်း မန္တလေးမူးယစ် (မြောက်)မှ တာဝန်ရှိသူများသည် ဇွန် ၁၄ရက် နံနက် ၁၁နာရီခန့်တွင် မဟာအောင်မြေမြို့နယ် ရတနာဘုမ္မိ အနောက်ရပ်ကွက် ၈၄လမ်း ၄၁လမ်းထောင့်ရှိ စိန်ဝင်း၏ လက်ဖက်ရည်ဆိုင်၌ သတင်းအရ စောင့်ဆိုင်းနေစဉ် စန္ဒာအေးနှင့် ဝေမောင်လွင်တို့နှစ်ဦး ရောက်ရှိလာသဖြင့် ရှာဖွေရာ စန္ဒာအေး၏ လက်ကိုင်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀ကို သိမ်းဆည်းရမိခဲ့ကြောင်း၊ တရားခံ စန္ဒာအေးနှင့် ဝေမောင်လွင်တို့အား ဖမ်းဆီးစစ်ဆေးလျက်ရှိပြီး ကွင်းဆက် တရားခံများ ဖော်ထုတ် ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)

အလားတူ ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မူးယစ်အထူးအဖွဲ့မှ တာဝန်ရှိသူများသည် ဇွန် ၁၆ရက် ညနေ ၅နာရီ ၄၅မိနစ်ခန့်တွင် နမ့်ခမ်း-နမ့်ဖတ်ကာကား လမ်း ၁၃မိုင် ကျေးရွာ၌ သတင်းအရ စောင့်ဆိုင်းနေစဉ် နမ့်ခမ်းမြို့ဘက်သို့ အုန်းမြင့်ကျိုး(ခ)ရှောင်အုန်း(ခ)တင်ဝင်းမောင်းနှင်၍ လောဂူး(ခ) ခုန်းကျိန်ဂူး လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဆိုင်ကယ်ဒူးကာနစ်ဖက်အတွင်းမှ ဘိန်းစိမ်း ၁ဒသမ၅၄ကီလိုကို သိမ်းဆည်းရမိခဲ့ကြောင်း၊ တရားခံ အုန်းမြင့်ကျိုးနှင့် လောဂူးတို့အား ဖမ်းဆီးစစ်ဆေးလျက်ရှိပြီး ကွင်းဆက်တရားခံများ ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆွေးနွေးပြောကြား

ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာန ၂၀၀၉ခုနှစ် အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲ မြို့နယ်အဆင့် ထပ်ဆင့်ဆွေးနွေးပွဲကို ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် အထက်တန်းကျောင်း လှိုင်ရတနာခန်းမ၌ ဇွန်၂၀ရက်က ကျင်းပရာ မြို့နယ်ပညာရေးမှူး ဒေါ်စန်းစန်းသီက ပညာရည်မြင့်မားတိုးတက်ရေးနှင့် သင်ကြားထောက်ကူမှုဆိုင်ရာများကို ဆွေးနွေးပြောကြားစဉ်။

(၁၈၃)

ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား

စောင့်ကြည့်ကြရမယ့် တက်သစ်စဘောလုံးသမားများ

စုစည်းတင်ပြသူ - မောင်မောင်မြင့်ဆွေ ■ စာမျက်နှာဖွဲ့စည်းမှု - ဝင့်မာသွင် (မြန်မာ့အလင်း)

လန်ဒန် ဇွန် ၂၁

အသက် ၂၁ နှစ်အောက် ဥရောပ ချန်ပီယံဖလား ဘောလုံးပြိုင်ပွဲမှာ ခြေစွမ်းပြပြီး လင်းလက်တောက်ပလာမယ့် လူငယ်ဘောလုံးသမားများအနက် စောင့်ကြည့်ရမယ့် လူငယ်ဘောလုံး သမား ၁၀ ဦးကို ဖော်ပြလိုက်ပါတယ်။

ဝေါလ်ကော့သ်

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ အင်္ဂလန်လက်ရွေးစင်အဖြစ် ရွေးချယ်ခံရလို့ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲမှာ အသက်အငယ်ဆုံး ဘောလုံးသမားလို့ သတ်မှတ်ခံခဲ့ရတဲ့ ကစားသမား ဖြစ်ပါတယ်။ အာဆင်နယ်အသင်းရဲ့ တိုက်စစ်မှူးဖြစ်ပြီး အင်္ဂလန်လူငယ်အသင်းမှာ အဓိကအားထားနေရတဲ့ တိုက်စစ်မှူး ဖြစ်ပါတယ်။ အသက်က ၂၀ ဖြစ်ပါတယ်။

ဘိုဂျန်ကာကစ်

စပိန် အသက် ၂၁ နှစ်အောက် လူငယ် ဘောလုံးအသင်းရဲ့ တိုက်စစ်မှူးဖြစ်ပြီး ဘာစီလိုနာကလပ်မှာ ကစားနေသူဖြစ်ပါတယ်။ စပိန်မှာတော့ ဘာစီလိုနာအတွက် ၁၇ဂိုး သွင်းယူပေးထားနိုင်ပြီး တိုက်စစ် စွမ်းရည်ထက်မြက်သူဖြစ်ပါတယ်။ အသက် ၁၈နှစ်သာရှိသေးပေမယ့်တစ်ဖက်အသင်း နောက်ခံလူတွေကိုကျော်ဖြတ် ဂိုးသွင်းနိုင်သူဖြစ်ပါတယ်။

ဘာလော့တီလီ

အသက် ၁၈နှစ်ရှိပေမယ့်အီတလီ လူငယ်အသင်းရဲ့ အားထားရတဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။ အင်တာမီလန်ရဲ့ လူငယ်ဘောလုံးအသင်းမှာ ခြေစွမ်းပြနေပြီး နည်းပြမော်ရင်ဟိုက အထူးသဘောကျနေသူလည်း ဖြစ်ပါတယ်။ အင်တာမီလန် လူငယ်အသင်းမှာ စုစုပေါင်းပွဲ ၃၀ ကစားပေးထားပြီး ဂိုးသွင်းထူးချွန်သူတစ်ဦးဖြစ်လို့ စောင့်ကြည့်ရမယ့် လူငယ်ကစားသမား ဖြစ်ပါတယ်။

ရိုင်ရိုဗင်ကို

အီတလီဘောလုံး အသင်းရဲ့ အားထားရမယ့် ကစားသမားဖြစ်ပြီး ဂျူဗင်းတပ်စ်မှာ လက်ရှိကစားနေသူဖြစ်ပါတယ်။ အီတလီ လက်ရွေးစင်အသင်းကြီးမှာလည်း ပါဝင်ကစားဖို့ ရွေးချယ်ထားတဲ့သူဖြစ်ပြီး ပင်ကို ဘောလုံးပါရမီထူးချွန်တဲ့ ကစားသမားတစ်ဦး ဖြစ်ပါတယ်။

မာကိုမာရင်

ဂျာမနီလူငယ်အသင်းရဲ့ ကွင်းလယ်ကစားသမားဖြစ်ပြီး အသက် ၂၀ ဖြစ်ပါတယ်။ ယူရို ၂၀၀၈ ပွဲစဉ်မှာ ဂျာမနီ အသင်းအတွက် အရွေးခံခဲ့ရတဲ့ လူငယ်ဘောလုံးသမားဖြစ်ပြီး ကွင်းလယ်ကစားကွက်ကို ထိန်းချုပ်ကစားနိုင်သူဖြစ်ပါတယ်။ ဂျာမနီလူငယ်ဘောလုံးအသင်းအတွက် ခြောက်ပွဲကစားပေးထားပြီး ဂျာမနီအသင်းမှာအားထားရတဲ့ အဓိကဘောလုံးသမားအဖြစ် ရပ်တည်နေသူဖြစ်ပါတယ်။

ရာအူးလ်ဂါစီရာ

စပိန်အသင်းရဲ့ လူငယ်ကွင်းလယ်ကစားသမား ဖြစ်ပါတယ်။ အသက် ၂၁နှစ်အရွယ်ရှိပြီး လက်ရှိမှာ စပိန်ကလပ် အက်သလက်တီကို မက်ဒရစ်မှာ ကစားနေသူဖြစ်ပါတယ်။ စပိန်လူငယ် ဘောလုံးအသင်းအတွက် ၃၆ ပွဲကစားပေးထားပြီး စပိန်ဘောလုံးအသင်းရဲ့ ကွင်းလယ်ကစားသမားတစ်ဦးအဖြစ် ခြေစွမ်းပြနေသူဖြစ်ပါတယ်။

ဇိုရန်တိုဆစ်

ဆာဘီးယားလူငယ်ဘောလုံးအသင်းရဲ့ တောင်ပံကစားသမားတစ်ဦး ဖြစ်ပါတယ်။ အသက် ၂၁ နှစ်သာရှိသေးတဲ့ ဇိုရန်တိုဆစ်ရဲ့ ခြေစွမ်းကို မန်ယူကသဘောကျလို့ ပြောင်းရွှေ့ကြေး ပေါင် ၁၆ သန်းပေးပြီး ခေါ်ယူတော့မှာ ဖြစ်ပါတယ်။ဘယ်တောင်ပံကစားသမားဖြစ်ပြီး တစ်ဖက်အသင်းနောက်တန်းကို တောင်ပံက မွှေနှောက်ထိုးဖောက်ကစားနိုင်သူဖြစ်လို့ စောင့်ကြည့်ရမယ့် ဘောလုံးသမားဖြစ်ပါတယ်။

မန်နူယယ်နူရာ

ဂျာမနီဘောလုံးအသင်းရဲ့ ဂိုးသမားဖြစ်ပြီး အသက် ၂၁ နှစ်အရွယ်ရှိတဲ့ ကစားသမား ဖြစ်ပါတယ်။ လောလောဆယ်မှာတော့ ရှော်လ်ကေးအသင်းမှာကစားနေပြီး ဘိုင်ယန်မြူးနစ် အသင်းက ခေါ်ယူဖို့စိတ်ဝင်စားနေတဲ့ လူငယ်ဂိုးသမား ဖြစ်ပါတယ်။

ရစ်ချတ်

အင်္ဂလန် လူငယ်ဘောလုံးသမားဖြစ်ပြီး အသက် ၂၀ အရွယ်ရှိတဲ့ ကစားသမားဖြစ်ပါတယ်။လက်ရှိမန်စီးတီးအသင်းမှာ ကစားနေပြီး အင်္ဂလန်လူငယ်အသင်းအတွက် ရွေးချယ်ထားတဲ့ဘောလုံးသမား ဖြစ်ပါတယ်။ ပင်ကိုစွမ်းရည် ထက်မြက်သူမို့ စောင့်ကြည့်ရမယ့် ကစားသမား ဖြစ်ပါတယ်။

ဆူလီဂျာမနီ

ဆားဘီးယား လူငယ်တိုက်စစ်မှူးဖြစ်ပြီး အသက်၂၀အရွယ်သာ ရှိသေးတဲ့ ကစားသမားဖြစ်ပါတယ်။ ဟီရန်ဗင်းကနေ အေဂျက်အသင်းကို ပြီးခဲ့တဲ့ နွေရာသီက ပြောင်းရွှေ့ကြေး ပေါင် ၁၃ သန်းနဲ့ ပြောင်းရွှေ့ကစားနေသူဖြစ်ပါတယ်။ ဂိုးသွင်းသေချာတဲ့ တိုက်စစ်မှူးဖြစ်လို့စောင့်ကြည့်ရမယ့် လူငယ်ဘောလုံးသမားတစ်ဦး ဖြစ်ပါတယ်။

(အင်တာနက်)



တိုက်စစ်မှူး တီဗက်ဇ် မန်ယူမှ ထွက်ခွာတော့မည်

လန်ဒန် ဇွန် ၂၁

မန်ယူတိုက်စစ်မှူး တီဗက်ဇ်သည် အသင်းမှထွက်ခွာတော့မည်ဖြစ်ကြောင်း မန်ယူအသင်းက အတည်ပြုပြောကြားခဲ့သည်။ မန်ယူအသင်းသည် တီဗက်ဇ်အား နှစ်နှစ် အငှားစာချုပ် ချုပ်ဆိုထားရာမှ ပြောင်းရွှေ့ကြေး ပေါင် ၂၅ဒသမ ၅သန်းပေးကာ ငါးနှစ်စာချုပ်ဖြင့် အမြဲတမ်းစာချုပ် ခေါ်ယူလိုသော်လည်း အသက် ၂၅နှစ်ရှိ တီဗက်ဇ်ကမူ မန်ယူအသင်းမှ ထွက်ခွာရန် ဆုံးဖြတ်ခဲ့သည်ဟု ဆိုသည်။

စွမ်းဆောင်နိုင်

တီဗက်ဇ်သည် မန်ယူတွင်ကစားစဉ် ပရိသတ်လိုလားနှစ်ခြိုက်သည့် အားကစားသမားတစ်ဦးအဖြစ် ရပ်တည်နိုင်ခဲ့ပြီး မန်ယူအသင်းအား နောက်ပိုင်းပရီမီယာလိဂ်ဆုဖလားနှစ်လုံး၊ ၂၀၀၈ခုနှစ် ချန်ပီယံလိဂ်ဖလားနှင့် ကားလင်းဖလားတို့ကိုရရှိအောင် ပါဝင်စွမ်းဆောင်ပေးနိုင်ခဲ့သည်။

(အင်တာနက်)

ချစ်စိုးနိုင် စုစည်းသည်

အေတီပီတိုး တင်းနစ်သရဖူ ဘက်ကာနှင့် တာနာဆူဂန်ဆွတ်ခူး

လန်ဒန် ဇွန် ၂၁

ဂျာမနီတင်းနစ်သမား ဘင်ဂျမင်ဘက်ကာသည် ဇွန် ၂၀ရက်က အော်ဒီနာအိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသား ပွဲစဉ် ဗိုလ်လုပွဲတွင် ပြိုင်ဘက်ရေမွှန်ဆလွှိုက်တာအား၇-၅၊၆-၃ဖြင့် အနိုင်ရရှိကာ ၎င်း၏ တင်းနစ်သက်တမ်းတစ်လျှောက် ပထမဦးဆုံး အေတီပီတိုးတင်းနစ်ဆုဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။ တင်းနစ်လောကမှ အနားယူပြီး တစ်ကျော့ပြန်ဝင်ရောက် လာသူဆလွိုက်တာသည် ကမ္ဘာ့အဆင့် ၈၆၆ရှိ အဆင့်အနိမ့်ဆုံး တင်းနစ်သမား တစ်ဦးဖြစ်ပြီး အေတီပီတိုးတင်းနစ်ဖလား ဗိုလ်လုပွဲသို့ရောက်အောင် စွမ်းဆောင်နိုင်ခဲ့သော်လည်း ဘက်ကာအား မယှဉ်နိုင်ခဲ့ချေ။

အော်ဒီနာ အိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသမီးပွဲစဉ် ဗိုလ်လုပွဲ၌ ကမ္ဘာ့အဆင့်(၁) တင်းနစ်မယ် ဒီနာရာဆာဖီနာအား အကြိုဗိုလ်လုပွဲတွင် အနိုင်ရရှိခဲ့သူအသက် ၃၂နှစ်ရှိ ထိုင်းတင်းနစ်မယ် တာမာရိုင်တာနာဆူဂန်က ဘယ်လ်ဂျီယံ ဆယ်ကျော်သက်တင်းနစ်မယ် ယာနီနာဝစ်ခ်မာယာအား ၆-၃၊၇-၅ ဖြင့် အနိုင်ရရှိကာ ၎င်း၏ လက်ရှိအေတီပီတိုး သရဖူကို ကာကွယ်နိုင်ခဲ့သည်။

(အင်တာနက်)

ဥရောပသမဂ္ဂ ဝါသနာရှင်အဆင့် လက်ဝှေ့ပြိုင်ပွဲ ယာဖိုင်၊ ဆောင်းဒါးနှင့် စတပ်စ်တို့ ရွှေတံဆိပ်ဆွတ်ခူး

လန်ဒန် ဇွန် ၂၁

ဒိန်းမတ်နိုင်ငံ အိုဒင်ဘီမြို့၌ကျင်းပသော ဥရောပသမဂ္ဂဝါသနာရှင်အဆင့် လက်ဝှေ့ချန်ပီယံပြိုင်ပွဲတွင် အင်္ဂလန်မှ ခါလစ်ယာဖိုင်၊ ဘရက်ဒလေဆောင်းဒါးနှင့် တော်မီစတပ်စ်တို့သည် ရွှေတံဆိပ်ဆုများ ဆွတ်ခူးကာ နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သည်။

ဆွတ်ခူးနိုင်

ယာဖိုင်သည် ဖလိုင်းဝိတ်တန်းတွင် လည်းကောင်း၊ ဆောင်းဒါးသည် လိုက်ဝယ်လ်တာဝိတ်တန်းတွင်လည်းကောင်း၊ စတပ်စ်သည် လိုက်ဝိတ်တန်းတွင်လည်းကောင်း ပြိုင်ဘက်များအားအသီးသီး အနိုင်ရရှိကာ ရွှေတံဆိပ်ဆုများကို ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။

အားကစားသတင်း အတိုအထွာ

အက်ရှလေယန်းအား ဘာစီလိုနာခေါ်ယူမည်

ဘာစီလိုနာက ဗီလာအသင်းမှ ကွင်းလယ်ကစားသမား အက်ရှလေယန်းအား ပြောင်းရွှေ့ခပေါင် ၂၅သန်းပေး၍ ခေါ်ယူစာချုပ်တော့မည် ဖြစ်သည်။

ချယ်လ်ဆီးက ရိုးမားနောက်ခံလူအား စာချုပ်

ရိုးမားနောက်ခံလူ ဖီလစ်ပီမီဆက်စ်အား ပြောင်းရွှေ့ကြေး ပေါင် ၁၂သန်းပေး၍ ခေါ်ယူစာချုပ်တော့မည်ဖြစ်ကြောင်း ချယ်လ်ဆီးနည်းပြ အန်ဆယ်လော့တီက ထုတ်ဖော်ပြောကြားသည်။

ဒေးဗစ်ဗီလာကို ရီးရဲမက်ဒရစ် ငွေထပ်တိုးပေး

ရီးရဲမက်ဒရစ်က ဒေးဗစ်ဗီလာအတွက် ပြောင်းရွှေ့ကြေး ထပ်တိုးပေးမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်ရာ ထိုက်တန်သော လစာငွေရရှိမည်ဖြစ်ကြောင်း သိရသည်။

တိုရေးအား မန်စီးတီးက ပေါင် ၁၂သန်းပေးမည်

အာဆင်နယ်နောက်ခံလူ ကိုလိုတိုရေးအား ပြောင်းရွှေ့ကြေးပေါင် ၁၂သန်းဖြင့် မန်စီးတီး အသင်းက ခေါ်ယူမည်ဟု သတင်းထုတ်ပြန်သည်။

မစ်ဒယ်ဘရော့မှ ဒေးဗစ်ဝဲသာအား ဗီလာကမ်းလှမ်း

မစ်ဒယ်ဘရော့မှ လူငယ်ခံစစ်မှူး ဒေးဗစ်ဝဲသာအား ဗီလာအသင်းက ပြောင်းရွှေ့ကြေး ပေါင် ရှစ်သန်းပေး၍ ခေါ်ယူလိုကြောင်း ကမ်းလှမ်းလိုက်သည်။

မာရီရိုအား အငှားစာချုပ်ဖြင့် ဝက်စ်ဟမ်းခေါ်လို

အင်တာမီလန်တိုက်စစ်မှူး မာရီရိုအား အငှားစာချုပ်ဖြင့်ခေါ်ယူရန် ဝက်စ်ဟမ်းအသင်းက ကြိုးစားလျက်ရှိသည်။

ဆန်းဒါးလန်းက ဂျာမိန်းပင်းနန့်အား စာချုပ်မည်

ဆန်းဒါးလန်းနည်းပြ စတိဘရစ်က ဂျာမိန်းပင်းနန့်အား စာချုပ်ချုပ်ဆိုခေါ်ယူရန် ကြိုးစားနေကြောင်း ယင်းအသင်းက ပြောကြားသည်။

ရိုဘင်ဆင်ကို ဘော်လ်တန်ခေါ်ယူမည်

ဝက်စ်ဘရွန်းနောက်ခံလူ ရိုဘင်ဆင်အား ဘော်လ်တန်ကခေါ်ယူရေးအတွက် စာချုပ်ရန်သာရှိတော့ကြောင်း၊ သဘောတူညီမှုရပြီးဖြစ်ကြောင်း သိရသည်။

စပါးမှ ဆန်တို့စ် စပိန်ကလပ်သို့ပြောင်းမည်

အက်သလက်တီကိုအသင်းက စပါးမှ ဆန်တို့စ်အား ပြောင်းရွှေ့ကြေး ပေါင်လေးသန်းဖြင့် စာချုပ်ချုပ်ဆိုခေါ်ယူရန် ဆွေးနွေးနေပြီဖြစ်သည်။

မောင်ချစ်ကြည် စုစည်းတင်ပြသည်

တိုက်စစ်မှူး ဆန်တာခရုဇ်အား ခေါ်ယူရေး မန်စီးတီးနှင့် ဘလက်ဘန်းတို့ သဘောတူညီ

လန်ဒန် ဇွန် ၂၁

မန်စီးတီးအသင်းသည် တိုက်စစ်မှူး ဆန်တာခရုဇ်အားခေါ်ယူစာချုပ်ရန် ဘလက်ဘန်းအသင်းနှင့် သဘောတူညီမှုရပြီဟု ဆိုသည်။ ပါရာဂွေးလက်ရွေးစင် ဆန်တာခရုဇ်အား ပြီးခဲ့သည့်ဇန်နဝါရီလကတည်းက မန်စီးတီးက ကမ်းလှမ်းမှုများ ပြုလုပ်ခဲ့သော်လည်း နည်းပြဆန်အလာဒိုက်စ်က ရောင်းချရန် ငြင်းဆိုခဲ့သည်။ ဘလက်ဘန်းနှင့် ၂၀၁၂ခုနှစ်အထိ စာချုပ်ချုပ်ဆိုထားသူ အသက် ၂၇နှစ်ရှိ ဆန်တာခရုဇ်သည် ဒူးဒဏ်ရာကြောင့် ရာသီကုန်ခါနီး ပွဲစဉ်များနှင့်လွဲချော်ခဲ့သည်။ မန်စီးတီးနှင့် စာချုပ်ချုပ်ဆိုပါက ဆန်တာခရုဇ်သည် မန်စီးတီးက အက်စ်တွန်ဗီလာမှ ပေါင် ၁၂သန်းဖြင့် ခေါ်ယူခဲ့သည့် ဂရက်ဘာရီပြီးနောက် ယခုနွေရာသီတွင် ဒုတိယမြောက် စာချုပ်



ခေါ်ယူသူဖြစ်လာမည်ဖြစ်ပြီး ၎င်း၏ ပြောင်းရွှေ့ကြေးမှာ ပေါင် ၁၈သန်းပေးရမည်ဟုဆိုသည်။ ၂၀၀၇ ခုနှစ်တွင် ဘိုင်ယန်မြူးနစ်မှ ဘလက်ဘန်းသို့ ပေါင် ၃ဒသမ ၈သန်းဖြင့် ပြောင်းရွှေ့လာသူ ဆန်တာခရုဇ်သည် ဘလက်ဘန်းအသင်းအတွက် ပွဲပေါင်း ၇၀ ကစားပေးခဲ့ပြီး ဂိုးပေါင်း၂၉ဂိုး သွင်းယူပေးထားသူဖြစ်သည်။ **(အင်တာနက်)**

(၁၄)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ကရာတေးဒိုပြိုင်ပွဲဖွင့်

ရန်ကုန် ဇွန် ၂၁

အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်တို့က ကြီးမှူး၍ ၂၀၀၉ခုနှစ် (၁၄) ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသား၊ အမျိုးသမီး ကရာတေးဒိုပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉နာရီတွင် အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ကျင်းပရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယကရဲမှူးကြီးခင်မောင်ထွန်း (ငြိမ်း)၊ ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်နှင့် အမှုဆောင်များ၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်နာယကများ၊ ဖိတ်ကြားထားသူများနှင့် ကရာတေးဒိုအားကစား ဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ပြန်လည်အပ်နှံ

ရှေးဦးစွာ ယမန်နှစ်က ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့ကြသော ရန်ကုန်တိုင်း အမျိုးသမီး ကရာတေးဒိုအသင်းနှင့် ရန်ကုန်တိုင်း အမျိုးသားကရာတေးဒိုအသင်းတို့က မိမိတို့ ဆွတ်ခူးရရှိခဲ့ကြသော တံခွန်စိုက် ဒိုင်းဆုကြီးများကို အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ ပြန်လည်အပ်နှံကြသည်။

ထို့နောက် အားကစားဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးလိုက်သည်။ **(အပေါ်ပုံ)**

အလှူငွေပေးအပ်

ယင်းနောက် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်က ပြိုင်ပွဲဝင်အသင်းများအား ကရာတေးဒို အားကစားနည်းစနစ်ပိုင်းဆိုင်ရာ ကရာတေးဒို DVD မှတ်တမ်းတစ်ခွေစီကို ပေးအပ်ပြီး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသော မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းတို့အား ကျောင်းရန်ပုံငွေအတွက် အလှူငွေများကို ပေးအပ်သည်။

ယင်းနောက် ခတ(Ind Kata) အမျိုးအစား ပွဲစဉ်များနှင့် ကုမိတဲ့ (Kumite) အမျိုးအစားပွဲစဉ်များကို စတင်ကျင်းပသည်။ **(သတင်းစဉ်)**

ဆေးဆိုင်အများအပြားနှင့် သူနာပြုအကူမြောက်မြားစွာကိုမွေးထုတ်ပေးခဲ့သည့်

အောင်ချမ်းမြေ့

ဆေးဝါးကျွမ်းကျင်၊ သူနာပြုအကူသင်တန်း

အမှတ် ၁၆၊ တတိယလွှာ၊ ဗိုလ်မိုးလမ်း၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်

ဖုန်း-၅၀၄၇၅၀၊ ၀၉-၅၀-၀၄၀၃၃

Open (7:00 AM to 9:00 PM) ပိတ်ရက်မရှိပါ။

(မြေနီကုန်း - ဒဂုံစင်တာနှင့် ဂမုန်းပွင့်ကုန်တိုက်တို့မှ လမ်းလျှောက်လာလျှင် 5min ခန့်ကြာ)

ပြည်တွင်း၊ပြည်ပအတွေ့အကြုံရှိ ဝါရင့်ဆေးဝါးကျွမ်းကျင်ပညာရှင်များ၊သူနာပြုအုပ်(အငြိမ်းစား)များ ဦးစီးသည်။

- အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် စာတွေ့၊ လက်တွေ့ သရုပ်ပြသင်ကြားသည်။
- နိုင်ငံခြားဆေးပစ္စည်းဆိုင် ဖွင့်နိုင်ရန်နှင့် ကျွမ်းကျင်သော သူနာပြုအကူဖြစ်စေရန် ပြည့်စုံလုံလောက်သော သင်ရိုးညွှန်းတမ်းစာအုပ်ထုတ်ပေး၍ သင်ကြားမည်။
- ဆေးဆိုင်များတွင် လက်တွေ့ဆင်းခြင်း၊ ဆေးခန်းများတွင် လက်တွေ့ဆင်းခြင်းများ ပြုလုပ်ပေးမည်။
- ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင်ရရှိရန် ကူညီမည်။ သင်တန်းဆင်း သက်သေခံအောင်လက်မှတ် ထုတ်ပေးမည်။
- အေးမြသန့်ရှင်းသော သင်တန်းခန်းများတွင် တစ်ယောက်ထိုင်ခုံဖြင့် သင်ကြားသည်။
- သက်သာသောနှုန်းထားသာယူသည်။ ဘော်ဒါဆောင်ရှိသည်။
- တန်းခွဲသစ်တစ်ခုလျှင် ၁၅ဦးသာ သတ်မှတ်ထားသည်။

သင်တန်းအပ် လက်ခံနေပြီ။ တယ်လီဖုန်းဖြင့် ကြိုတင်စာရင်းသွင်းထားနိုင်ပါသည်။

တန်ဖိုးမဖြတ်နိုင်သော သင့်ကျန်းမာရေးကို 'အောင်ချမ်းမြေ့'မှာ ဆေးဝါးကျွမ်းကျင်နှင့် သူနာပြုအကူသင်တန်းတက်ပြီး ထိန်းသိမ်းမြှင့်တင်ပါ။

နှစ်လပြတ် အထူးသင်တန်းများ (တစ်ပတ်နှစ်ရက်တည်းသာ)

အပတ်စဉ် (၈၂၆) ၂၇-၆-၂၀၀၉ ရက် စမည်။ စနေနှင့် တနင်္ဂနွေ
အပတ်စဉ် (၈၂၇) ၃၀-၆-၂၀၀၉ ရက် စမည်။ အင်္ဂါနှင့် ဗုဒ္ဓဟူး
အပတ်စဉ် (၈၂၈) ၂-၇-၂၀၀၉ ရက် စမည်။ ကြာသပတေးနှင့် သောကြာ

သုံးလပြတ် အထူးသင်တန်း (တစ်ပတ်တစ်ရက်တည်းသာ)

အပတ်စဉ် (၈၂၉) ၂၇-၆-၂၀၀၉ ရက် စမည်။ စနေ တစ်ရက်တည်းသာ
အပတ်စဉ် (၈၃၀) ၂၈-၆-၂၀၀၉ ရက် စမည်။ တနင်္ဂနွေ တစ်ရက်တည်းသာ

တစ်လပြတ် အထူးသင်တန်းများ (တစ်ပတ် ငါးရက်)

အပတ်စဉ် (၈၃၁) ၂၉-၆-၂၀၀၉ ရက်စမည်။ တနင်္လာမှ သောကြာ နေ့စဉ်
အပတ်စဉ် (၈၃၂) ၂-၇-၂၀၀၉ ရက်စမည်။ တနင်္လာမှ သောကြာ နေ့စဉ်

နံနက်ပိုင်း	09:00 AM to 12:00 PM
မွန်းလွဲပိုင်း	01:30 PM to 04:30 PM
ညနေပိုင်း	06:00 PM to 08:00 PM

ကျေးဇူးတင်လွှာ

၆-၆-၂၀၀၉ရက် (စနေနေ့)တွင် Dubai မြို့၌ ပြုလုပ်သော ဧည့်ခံပွဲတွင် စိတ်ရောကိုယ်ပါ ကူညီပေးကြသော ချစ်မောင်နှမများ၊ မအားသည့်ကြားမှ တကူးတက လာရောက်ချီးမြှင့်သော ချစ်သူငယ်ချင်းများ ၁၉-၆-၂၀၀၉ရက် (သောကြာနေ့) တွင် သဒ္ဓမ္မရံသီရိပ်သာ၌ ပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးသို့ ကြွရောက်ချီးမြှင့်သော ဂုဏ်သရေရှိလူကြီးမင်းများ၊ နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများနှင့် အဘက်ဘက်မှ ကူညီပေးကြသော မိတ်ဆွေသူငယ်ချင်းများအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူများအားလုံးအားလည်းကောင်း အထူးပင် ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်မိဘများနှင့်
မောင်လင်းကိုကို-မသုမြတ်ထွေး။

မင်္ဂလာဆုတောင်း

ကိုလင်းနှင့် သုသုတို့၏ မင်္ဂလာရက်မြတ်မှစ၍ နှစ်တစ်ရာတိုင် ပျော်ရွှင်စရာကောင်းသော နေ့ရက်များကို ဖြတ်သန်းနိုင်ပါစေ-

ချစ်မမကြီး	-	**ဦးကြည်သွင်ဦး (လက်ထောက်အထွေထွေမန်နေဂျာ)**
		မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း
		ဒေါ်သဲဖြူအောင် Accountant (Yee Shin Co.,Ltd.)
ချစ်ကိုကြီး	-	**ကျော်ထက်ခိုင် (Halex Woolton Malaysia)**
ချစ်မောင်ငယ်	-	**တက်ခေါင်ကျော် B.A (English) Dip in English**
		Commie (1) Le Royal Mexidien Beach Resaort and
		Spa Dubai (U.A.E)

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ဦးအောင်သန်း-ဒေါ်သန်းသန်း (ကျွန်တံဆိစက်၊ ဆန်စက်၊ အုတ်ဖိုမြို့) တို့၏မြေး
ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အသောကလမ်း၊ အမှတ် ၁၁၁ နေ
ဦးခင်ဝင်း (Aung Myay Int'l Co.,Ltd.)-ဒေါ်ခင်မေသန်း (ရွှေငါးပလတ်စတစ်လုပ်ငန်း) တို့၏သားကြီး

မောင်ကမ္ဘာဝင်း

B.S (Architecture) (University of Nevada, Las Vegas)

နှင့်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အင်းလျားမြိုင်လမ်း၊ အမှတ် ၁၉/၂၀ နေ
ဦးဇော်ဝင်း (MD- အရှဏ်ဦးဆောက်လုပ်ရေးကုမ္ပဏီ)-ဒေါ်ခင်ခင်ဌေး တို့၏ဒုတိယသမီး

မဇွန်ဇွန်ဝင်း

B.S (Civil Engineering) (University of Southern California)

တို့၏ ၂၁-၆-၂၀၀၉ရက် (တနင်္ဂနွေနေ့)တွင် Sedona Hotel (Grand Ballroom) မင်္ဂလာခန်းမ၌ကျင်းပသော မင်္ဂလာဧည့်ခံပွဲတွင် ကိုယ်တိုင်ကြွရောက် ချီးမြှင့်ပေးပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ မင်္ဂလာဧည့်ခံပွဲ အခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့် ဇနီး ဒေါ်ခင်ခင်ရီ၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)နှင့် ဇနီး ဒေါ်ထုဆိုင်တို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ကြွရောက်ချီးမြှင့်ပေးပါသော အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ စစ်ဘက်နယ်ဘက်မှ တပ်မတော်အရာရှိကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ရဲဦးစီးအရာရှိချုပ်များ၊ ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဇနီးများ၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်အသင်းမှ ဥက္ကဋ္ဌများနှင့် မန်နေဂျင်းဒါရိုက်တာများ၊ ကုမ္ပဏီအသီးသီးမှ ဒါရိုက်တာများ၊ ရပ်နီးရပ်ဝေးမှ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ဧည့်သည်တော်များအားလည်းကောင်း၊ ၇-၅-၂၀၀၉ရက် (အင်္ဂါနေ့)တွင် ကျင်းပပြုလုပ်သော မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပွဲ အခမ်းအနား၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော တရားရုံးချုပ် တရားသူကြီး ဒေါက်တာတင်အောင်အေးနှင့်ဇနီး ဒေါ်ခင်ဝင်းတို့အားလည်းကောင်း၊ မေတ္တာဖြင့် လက်ဝတ်ရတနာများဆင်မြန်းပေးသော ကာတီးယားစိန်တိုက်အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော မနွေးနွေးဇော်ဝင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော မသီရိဇော်ဝင်း၊ သတို့သားအရံ မောင်မြတ်နိုးဟန်နှင့် မောင်မျိုးမင်းထိုက်၊ သတို့သမီးအရံ မအေးသစ်စု၊ ဒေါက်တာကြည်မေဦးတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးသိန်းလှမော်အားလည်းကောင်း၊ မင်္ဂလာအခါတော်ပေး သီဆိုပေးသော ဒေါ်တင်တင်မြ(A1 စိုးမြင့်အဖွဲ့)အားလည်းကောင်း၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ပေးသော ဦးစိုင်းဘုန်းထူး၊ မိတ်ကပ်ဆံပင် အလှဖန်တီးရှင် ခင်စန်းဝင်း၊ သတို့သမီးဝတ်စုံဖန်တီးရှင် ပြည်စိုးအောင်အားလည်းကောင်း၊ Librial အပ်ချုပ်ဆိုင်အားလည်းကောင်း၊ မင်္ဂလာအခမ်းအနား အောင်မြင်ပြီးမြောက်အောင် အစစအရာရာ အကူအညီပေးကြသော ဆွေမျိုးမိတ်ဆွေများနှင့် ကုမ္ပဏီဝန်ထမ်းများအားလည်းကောင်း၊ Sedona Hotel မန်နေဂျာနှင့် ဝန်ထမ်းများ၊ ကိုယ်တိုင်တက်ရောက် မချီးမြှင့်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့သော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း လှိုက်လှိုက်လှဲလှဲ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကမ္ဘာဝင်း-မဇွန်ဇွန်ဝင်း။

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ

ပေကျင်းမြို့ရှိ China Science and Technology Museum၊ ရှီအန်းမြို့ရှိ ချင်ရှီဟွမ်ရှင်ဘုရင် စစ်သည်တော်မြင်းရုပ်တုပြတိုက်နှင့် Fa Men Si ဘုရားကျောင်းတို့သို့ သွားရောက်ကြည့်ရှုလေ့လာ

နေပြည်တော် ဇွန် ၂၁

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်၊ စာမျက်နှာ ၉ ကော်လံ ၄ ❐



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ **China Science and Technology Museum** တွင် ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ရန်နှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်ရည်ရွယ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး

တရုတ်-မြန်မာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုမှာ အလွန်နက်ရှိုင်း

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ရှီးပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာယွန်ချွမ်ချင်း

နေပြည်တော် ဇွန် ၂၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ရှီးပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာယွန်ချွမ်ချင်းသည် ဇွန် ၁၇ရက် ည ၇နာရီခွဲတွင် ရှီအန်းမြို့ရှိ Sheraton Xian Hotel ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ ဂါရဝပြုသည်။

တက်ရောက်

ထိုသို့ တွေ့ဆုံရာတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့် စာမျက်နှာ ၉ ကော်လံ ၁ ✻

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ရှီးပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာယွန်ချွမ်ချင်း ရှီအန်းမြို့ရှိ Sheraton Xian Hotel ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ ဂါရဝပြုစဉ်။ (သတင်းစဉ်)